၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.838, October 30, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## ဖွံ့ဖြိုးရေးအတွက် အခြေခံလွတ်လပ်ခွင့်တွေလိုအပ်ဟု ဒေါ်အောင်ဆန်းစုကြည်ဆို

**VOA ၊ အောက်တိုဘာ ၂၆ ။** ။ဖွံ့ဖြိုးတိုးတက်မှုလို့ ဆိုတဲ့နေရာမှာ လွတ် လပ်မှုတွေ ချုပ်ခြယ်မှုတွေမရှိမှသာ တိုးတက်ဖွံ့ဖြိုးမှု ရှိနိုင်မယ်လို့ မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုပါတယ်။ တရားမဲ့မှု၊ မမျှတမှု၊ အာဏာရှင်ဆန်မှု၊ လူထုအပေါ် တာဝန်ယူလို စိတ်ကင်းမဲ့မှု ဒါတွေကို ဖယ်ထုတ်ရေးဟာ ဖွံ့ဖြိုးတိုးတက် မှုအတွက် အရေးကြီးတယ်လို့ပြောဆိုသွားတာပါ။ ဒါနဲ့ပတ်သက်လို့ ကိုသားညွန့်ဦးက တင်ပြပေးထားပါတယ်။

ဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့နေရာမှာ အခြေခံလွတ်လပ်မှုတွေကို ချန်ထားလို့မရဘူးလို့ အမေရိကန်ပြည်ထောင်စု၊ ဒေါ်အောင်ဆန်းစုကြည်ကိုပေးအပ်တဲ့ မစ်ချီကန်တက္ကသိုလ်ကနေ Wallenberg ဆုပေးပွဲအခမ်းအနားမိန့်ခွန်းထဲ ဒေါ်အောင်ဆန်းစုကြည်ကထည့်သွင်းပြောဆိုသွားတာပါ။ စီးပွားရေးနိုဗယ်ဆုရှင် ဒေါက်တာ Amartya senရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့လွတ်လပ်မှုဒွန်တွဲနေတယ်ဆိုတဲ့အမြင်ကို ဒေါ်အောင်ဆန်းစုကြည်က ထောက်ခံဆွေးနွေးခဲ့တာဖြစ်ပါတယ်။ တိုင်းပြည်တရပ်၊ လူ့အဖွဲ့ အစည်းတရပ် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ချုပ်နှောင်မှုတွေကို ဖယ်ရှားပစ်ဖို့ လိုအပ်မယ်လို့ ဒေါ်အောင်ဆန်းစုကြည်ကပြောဆိုသွားပါတယ်။

"ဖွံ့ဖြိုးရေးအတွက်ဆိုရင် အဓိကကျတဲ့ ချုပ်ခြယ်မှုတွေကို ဖယ်ရှားပစ်ဖို့လိုပါတယ်။ ဆင်းရဲမွဲတေမှု ပပျောက်ဖို့လိုသလို အာဏာရှင်ဆန်ဆန်အုပ်ချုပ်မှုတွေ အဆုံးသတ်ဖို့လိုပါတယ်။ စီးပွားရေးလုပ်ပိုင်ခွင့်တွေ လိုအပ်သလို လူမှုရေးရပိုင်ခွင့်တွေလည်း စနစ်တကျရှိဖို့လိုပါတယ်။ အများပြည်သူလိုအပ်ချက်တွေ ဖြည့်ဆည်းဖို့ ပျက်ကွက်တာတွေကို ဖယ်ရှားပစ်လိုသလိုပဲ မတူတဲ့အမြင်အယူအဆတွေအပေါ် သည်းခံမှုအားနည်းတာ၊ လိုတာထက် ပိုပြီး တုံ့ပြန်အရေးယူတဲ့ ဖိနှိပ်မှု တွေကိုလည်း ဖျောက်ပစ်ဖို့လိုပါတယ်။"

၁၉၈၈ ခုနှစ် ဒီမိုကရေစီလှုပ်ရှားမှု စတင်တဲ့အချိန်တုန်းက မြန်မာလူထုထဲ ကုလသမဂ္ဂရဲ့ လူ့အခွင့် အရေး ကြေညာစာတမ်းကို မသိသူအတော်များများရှိခဲ့ပေမယ့် တကယ်တန်း မြန်မာလူထုဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး အနှစ်သာရကို နားလည် သဘောပေါက်နေကြပြီလို့ ဒေါ်အောင်ဆန်းစုကြည်ကပြောပါတယ်။ ၁၉၈၈ ခုနှစ် အထက်မြန်မာပြည် မန္တလေးခရီးစဉ်တခုအတွင်း ဘာကြောင့် ဒီမိုကရေစီလိုချင်တာလဲ ဆိုတာကို ဈေးချိုက သူ့ကို ထောက်ခံသူတဦး ဖြေတာကို ဥပမာပြောပြီး မြန်မာလူထုရဲ့ ဒီမိုကရေစီအပေါ် နားလည်မှုကို ဒေါ်အောင်ဆန်းစုကြည်က ရှင်းပြခဲ့တာပါ။

"အဲဒါမှာ သူမရှင်းပြပါတယ်။ သူ့မှာ ဈေးဆိုင်ငယ်ကလေးရှိတယ်တဲ့၊ သူ့အနေနဲ့ သူ့စီးပွားရေးကို ရိုးရိုးသားသား လွတ်လွတ်လပ်လပ် လုပ်ကိုင်ခွင့်ရပြီး အာဏာပိုင်တွေ နှောင့်ယှက်မှာကို ကြောက်ရွံ့နေရတာတွေမရှိဘဲ၊ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်ချင်တာပါတဲ့။ ဒါကြောင့် ဒီလိုအခြေခံအခွင့်အရေးလေးတွေ ရလာရင်တော့ကောင်းရာမွန်ရာ နေထိုင်လုပ်ကိုင်လို့ရမယ်လို့ သူယုံကြည်တဲ့ အကြောင်းပြောပါတယ်။ သူမဟာ တကယ်တော့ ဒီမိုကရေစီစနစ်ရဲ့တကယ် အရေးကြီးတဲ့အချက်ကို နားလည်လိုက်တယ်လို့ ကျမယူဆမိပါတယ်။ ဒီမိုကရေစီဆိုတာ အဆုံးသတ် ပန်းတိုင်မဟုတ်ဘဲနဲ့ လူ့အဖွဲ့အစည်းတရပ်အောင်မြင်မှုအတွက် နည်းလမ်းတရပ်ဖြစ်ပါတယ်။"

တချိန်တည်းမှာပဲ မြန်မာ့ဒီမိုကရေစီ လှုပ်ရှားမှုအတွင်းမှာ ကြောက်ရွံ့ခြင်းကနေကင်းဝေးဖို့သူ့အနေနဲ့လှုံ့ဆော်ပြောဆိုခဲ့ရတာဟာ ကြောက်ရွံ့မှုအခြေခံဟာ လွတ်လပ်မှု၊ လွတ်မြောက်မှုအတွက် အဓိက

**စာမျက်နှာ ၁၅ သို့**

**ပိတ်ဆို့ မှုရုတ်သိမ်းရေး အချိန်မတန်သေးဟု ဒေါ်အောင်ဆန်းစုကြည် ပြောဆို**
**စာမျက်နှာ ၃**

**ဒေါ်အောင်ဆန်းစုကြည် နှင့် ဦးအောင်ကြည် ထပ်မံတွေ့ ဆုံဆွေးနွေး**
**စာမျက်နှာ ၆**

**လုံခြုံရေးတင်းကျပ်ထားသည့် ရန်ကုန်မြို့တော်ခမ်းမရှေ့ တွင် ဗုံးတလုံးတွေ့ ရှိ**
**စာမျက်နှာ ၁၀**

**လယ်သမားများရဲ့ ရှေ့ နေ ကိုဖိုးဖြုအပါအဝင် ၇ ဦး အာမခံဖြင့် ပြန်လွှတ်**
**စာမျက်နှာ ၁၄**

**ပါတီမှတ်ပုံတင်ဥပဒေ ပြင်ဆင်ချက်လွှတ်တော် နှစ်ရပ်စလုံး အတည်ပြု**
**စာမျက်နှာ ၁၆**

**၂၁ ရာစု ပင်လုံညီလာခံ ခေါ်ရေး တိုင်းရင်းသားအချို့ ထောက်ခံကြိုဆို**
**စာမျက်နှာ ၁၉**

VOB အာဘော်

# ဝမ်းနည်းရမှာလား ဝမ်းသာရမှာလား ဦးသိန်းစိန်

မြန်မာနိုင်ငံ၏ လတ်တလော အသွင်ကူးပြောင်းရေးဖြစ်စဉ်များသည် မြန်ဆန်လွန်းသည်ဟုဆိုချင်ပါသည်။ မြန်လွန်း၍ ယုံရခက်လှသည်ဟု သံသယပွားမိသည်။ ပြုပြင်ပြောင်းလဲရေး အမှန်တကယ်လိုလားပါသည်ဟု ယူဆခံထားသော သမတဦးသိန်းစိန်၏နောက်ကွယ်တွင် ဤဖြစ်စဉ်တွေကို မလိုလားသော ဆန့်ကျင်ဘက် သဘောထားတင်းမာသူ စစ်အုပ်စုတွေရှိနေသည်မှာသေချာသည်။ အထူးသဖြင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆွေးနွေးနေမှုအပေါ် ဆန့်ကျင်သော သဘောထားတင်းမာသူများ အရပ်သားအစိုးရအတွင်းရှိနေသည်ကို မေ့မထားသင့်ပေ။

သို့သော သမတဦးသိန်းစိန်သည် စစ်တပ်၏ ဩဇာမကင်းနိုင်ဟု ယူဆထားကြပေမယ့် ပြုပြင် ပြောင်းလဲရေးလုပ်ငန်းစဉ်များကိုတော့ ဆက်လက်ရှေ့တိုးနေဆဲဖြစ်သည်။ တကယ်၍ အပြောင်းအလဲဖြစ်စဉ်တွေ ထိန်းမနိုင် သိမ်းမနိုင်ဖြစ်လာခဲ့သော် စစ်တပ်က အာဏာထပ်မသိမ်းဟု ဘယ်သူမှ အာမခံမပြောနိုင်ပေ။ စစ်တပ်မှ အာဏာကို ဆက်လက်ချုပ်ကိုင်ရယူထားရေး ကြိုးပမ်းနေခြင်းကို မေးခွန်းထုတ် စရာမလိုသည့်အချက်ဖြစ်ပေမယ့်၊ လူတဦးချင်းလွတ်လပ်မှုပိုရလာမှု၊ အဓိပ္ပါယ်ရှိသည့် စီးပွားရေး လူမှုရေးမူဝါဒတွေချမှတ်လာမှု၊ လူထုအခြေပြုလူမှုအသိုင်းအဝိုင်းဖွံ့ဖြိုးလာရေး ကန့်သတ်ချက်တွေ လျော့ချလာမှု၊ သတင်းလွတ်လပ်ခွင့်တချို့ရရှိလာမှု စသည့်တိုးတက်မှုများသည် နိုင်ငံတကာ တောင်းဆိုနေမှုတွေကို သမတဦးသိန်းစိန်မှ လိုက်လျောနိုင်ဖို့ဆောင်ရွက်နေခြင်းဖြစ်သည်ဟု ယူဆမည်ဆိုပါက ယူဆနိုင်သည်။

သို့သော် ယခုလို ဆောင်ရွက်လာသည်များတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးမှု၊ စစ်မှန်သည့်အပြုသဘောအပြောင်းအလဲဖြစ်လာရေးတကယ်ရည်ရွယ်ချက်ရှိသည်ဟု သမတဦးသိန်းစိန်အား အသိအမှတ်ပြုသူလည်းရှိသည်။ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်လည်း ယခုလို သမတဦးသိန်းစိန်နှင့်ဆွေးနွေးခဲ့ရမှုများသည် အမှန်တကယ်အပြုသဘောဆောင်သည့် ဆွေးနွေးမှုတွေ စတင်ခဲ့နိုင်သည်ဟု အားရကြေနပ်စွာ ပြောဆိုပါတယ်။

ဒီကနေ့ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးတိုးတက်မှုဖြစ်စဉ်တွေကို သတိကြီးစွာဖြင့် ကြိုဆိုရမည်ပြီး ယုံယုံကြည်ကြည်နှင့် ရှေ့တိုးလုပ်ဆောင်ရေး တွန်းအားပေးရမည်ဖြစ်ပါသည်။ ယခုလို နိုင်ငံရေးတိုးတက်ပြောင်းလဲလာမှုသည် မြန်မာ့ခေတ်သစ်သမိုင်းမှာ အပြောင်းအလဲ၏ အစဟုဆိုရမည်ဖြစ်ပြီး၊ အမှန်တကယ်အပြုသဘောဆောင်သည့် ပြုပြင်ပြောင်းလဲမှုတွေဆက်လက်ဖြစ်ပေါ်လာရေး နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် တိုက်တွန်းပြောဆိုနေရမှာဖြစ်ပါကြောင်း။

---

# ဝန်ကြီးများရုံးများကို ဟိုတယ်မလုပ်ပါ၊ ပြတိုက်အဖြစ်ထားရှိမည်ဟု ဝန်ကြီးဆို

**Mizzima ၊ အောက်တိုဘာ ၃၀ ။** ။ ဗိုလ်ချုပ်အောင်ဆန်း အပါအဝင်အာဇာနည်ခေါင်းဆောင်ကြီးများလုပ်ကြံခံခဲ့ရသည့် ဝန်ကြီးများရုံးအားပြတိုက်အဖြစ်ထားရှိမည်ဖြစ်ကာ ပုဂ္ဂလိကလုပ်ငန်းရှင်များ ဟိုတယ်ပြုလုပ်ရန်ငှားရမ်းမှာမဟုတ်ဟုပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းကပြောသည်။

"ဘယ်သူ့ကိုမှ မငှားပါဘူး။ ပြတိုက်လိုလုပ်ပြီးတော့ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေ၊ အစားအသောက်အရောင်း ဆိုင်တွေဖွင့်ပြီးတော့ထားမယ်။ နိုင်ငံခြားသားတွေ လာရောက်ကြည့်ရှု လည်ပတ်ခဲ့ရင် နိုင်ငံခြားဝင်ငွေလည်းရတာပေါ့" ဟု ဝန်ကြီးဦးစိုးသိန်းကအောက်တိုဘာ ၂၆ ရက်နေ့က နေပြည်တော်တွင် ပြည်တွင်းသတင်းမီဒီယာများနှင့် တွေ့ဆုံရာ၌ ပြောကြားခဲ့သည်။

မြန်မာ့ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ဥက္ကဋ္ဌဦးခင်ရွှေက ဝန်ကြီးများရုံးအား ငှားရမ်းလုပ်ကိုင်လိုသူများရှိပါက ကူညီသွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပြီး နောက်တွင် ငှားရမ်းမည်မဟုတ်ကြောင်း အစိုးရကတရားဝင်ထုတ်ဖော်ပြောဆို လိုက်ခြင်းလည်းဖြစ်သည်။ ရန်ကုန်မြို့ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းပေါ်ရှိ အဆိုပါရုံးကိုအင်္ဂလိပ်တို့က ၁၉၃၀ ခုနှစ် တွင် အုပ်ချုပ်ရေးဗဟိုဌာနအဖြစ် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကာ အုပ်ချုပ်ရေး ယန္တရား၏ အမြင့်ဆုံးဖြစ်ကာ အတွင်းဝန်ချုပ်နှင့် အတွင်းဝန်များရုံးစိုက်ရာလည်း ဖြစ်သည်။

ဝန်ကြီးများရုံးမှာ မြန်မာ့လွတ်လပ်ရေး ဗိသုကာဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းနှင့် သူ၏ ကက်ဘိနက် အဖွဲ့ဝင်များကို ပြိုင်ဘက် နိုင်ငံရေးသမားဦးစော၏လက်ပါးစေများက လုပ်ကြံသတ်ဖြတ်ခဲ့သောနေရာလည်းဖြစ်ကာ ပထမဆုံးသော လွတ်လပ်သော မြန်မာနိုင်ငံ၏ အလံလွှင့်တင်သော အခမ်းအနား ကျင်းပရာလည်းဖြစ်သည်။

"ရှေးဟောင်း အဆောက်အအုံတွေထဲက ဟိုတယ်လုပ်လို့ ရနိုင်တဲ့ အဆောက်အအုံတွေ တချို့ရှိပါတယ်။ အဲဒါကိုတော့ ဟိုတယ်အဖြစ်ငှားမယ်။ ဂျာမနီက ရဲတိုက်ကြီးတွေလိုပဲပေါ့။ ရဲတိုက်ကြီးကိုဟိုတယ်အသွင်ပြောင်းထားမယ်။ ရုရှားက နန်းတော်ကြီးဆိုရင် ပြတိုက်လိုတယ်။ ဒါမျိုးပေါ့" ဟု ဝန်ကြီးဦးစိုးသိန်းက ဆိုသည်။

ဝန်ကြီးများရုံးအား ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ ငှားရမ်းမည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီးနောက် နိုင်ငံရေးပါတီများ၊ အနုပညာရှင်များကလည်း ပြည်ပမီဒီယာများမှတဆင့် ကန့်ကွက်မှုများပြုလုပ်ခဲ့သေးသည်။ သက်တမ်း ၁၂၀ ကျော်ပြီ ဖြစ်သည့် ဝန်ကြီးများရုံးအပြင် ပန်းဆိုးတန်း လမ်းမပေါ်ရှိ ရှေ့နေချုပ်ရုံး အဆောက်အအုံကို လည်း ငှားရမ်းမည်မဟုတ်ဟု သိရသည်။ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ရှေးဟောင်း အဆောက်အအုံပေါင်း ၁၈၉ ခုရှိသည်ဟု ကော်မတီ၏ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ၏ စာရင်းများအရ သိရသည်။

၂၀၁၀ ခုနှစ် အစောပိုင်းက အထည်ချုပ်၊ စားသောက်ကုန်၊ အိမ်သုံးကုန်၊ လျှပ်စစ်ပစ္စည်းနှင့် ရုပ်ရှင်ရုံ၊ အဆောက်အဦး များပါသော နိုင်ငံပိုင်လုပ်ငန်း ၁၁၀ ကျော်နှင့် ၂၀၀၉ အတွင်း နိုင်ငံပိုင်အဆောက်အဦး၊ မြေယာနှင့်လုပ်ငန်းပေါင်း ၂၆၀ ကို ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခဲ့ကြောင်း ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က ထုတ်ပြန်ခဲ့သည်။

# ပိတ်ဆို့ မှုရုတ်သိမ်းရေး အချိန်မတန်သေးဟု ဒေါ်အောင်ဆန်းစုကြည် ပြောဆို

**RFA । အောက်တိုဘာ ၂၄ ။** ။ အနောက်နိုင်ငံတွေက မြန်မာအစိုးရ အပေါ်ချမှတ်ထားတဲ့ ပိတ်ဆို့အရေးယူမှုတွေ ရုတ်သိမ်းဖို့ အချိန်မတန်သေးကြောင်း အမေရိကန်အခြေစိုက် Wall Street Journal က သီးသန့်တွေ့ဆုံမေးမြန်းစဉ်မှာဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။

မနေ့က Wall Street Journal သတင်းထောက်နဲ့တွေ့ဆုံစဉ်မှာ စီးပွားရေးပိတ်ဆို့မှု၊ တရားဥပဒေစိုးမိုးရေး၊ အစိုးရနဲ့ တွေ့ဆုံဆွေးနွေးနေတဲ့ကိစ္စ စတာတွေအပေါ် သတင်းထောက်ရဲ့ မေးမြန်းချက်တွေကို ဒေါ်အောင်ဆန်းစုကြည်က ပြန်လည် ဖြေကြားခဲ့တာပါ။

အမေရိကန်အခြေစိုက် Wall Street Journal ဂျာနယ်သတင်းထောက်က ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံရာမှာ မြန်မာနိုင်ငံရဲ့လက်ရှိ နိုင်ငံရေးတိုးတက်မှု ဆုတ်ယုတ်မှု စီးပွားရေးပိတ်ဆို့မှု ရှေ့အလားအလာနဲ့လက်ရှိ သမတဦးသိန်းစိန်အစိုးရနဲ့ တွေ့ဆုံမှုအခြေအနေတွေအပေါ်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောထားတွေကို မေးမြန်းခဲ့ပါတယ်။

**Wall Street Journal ။** ။ မြန်မာအစိုးရက ပြုပြင်ပြောင်းလဲရေးတွေလုပ်နေရာမှာ ဘယ်လိုပြောင်းလဲမှုတွေက တကယ့် အစစ်အမှန်ပြောင်းလဲမှုလို့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ထင်မြင်ပါသလဲ?...

**ဒေါ်အောင်ဆန်းစုကြည် ။** ။ ပြောင်းလဲမှုတွေ ဖြစ်နေတဲ့အထဲက သတင်းမီဒီယာတွေအပေါ် သတ်မှတ်ထားတဲ့ ကန့်သတ်မှုတွေ လျှော့ချလိုက်တာဟာ သတင်းလွတ်လပ်ခွင့်ရရှိလာတာဖြစ်တဲ့အတွက်ကောင်းတဲ့အချက်ဖြစ်တယ်လို့ ခံယူရမှာဖြစ်ပါတယ်။

ဒါ့အပြင် မြန်မာပြည်သူတွေဟာ နိုင်ငံရေးလုပ်ငန်းစဉ်တွေမှာ ပါဝင်ဖို့အတွက် ပိုအားတက်လာကြောင်း၊ အရင်တုန်းကလို နှိုင်းယှဉ်မှု အရအကြောက်တရား ဖုံးလွှမ်းမှုတွေ နည်းလာတာကြောင့် နိုင်ငံရေးမှာ ပိုပါဝင်လာကြတာဟာ အဓိကအရေးကြီးတဲ့ ပြောင်းလဲမှုဖြစ်ပါတယ်။

မြန်မာပြည်သူတွေလိုချင်နေတဲ့ ပြောင်းလဲမှုအဆင့်ကို မရောက်ရှိသေးပေမယ့် အရင်ကထက်စာရင် ရှေ့ဆက်ရမယ့်လမ်းကြောင်းကို ပို ရှင်းရှင်းလင်းလင်းမြင်တွေ့လာရကြောင်း ပြောပါတယ်။

**Wall Street Journal ။** ။ တွေ့ဆုံ ဆွေးနွေးမှုတွေနဲ့ပတ်သက်ပြီး ?...

**ဒေါ်အောင်ဆန်းစုကြည် ။** ။ အလုပ်သမားဝန်ကြီး ဦးအောင်ကြည်နဲ့ သမတဦးသိန်းစိန်တို့နဲ့ တွေ့ဆုံဆွေးနွေးမှုတွေဟာ အရင်တုန်းက နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ SPDC အာဏာပိုင်တွေနဲ့ တွေ့ဆုံတာထက် အဓိပ္ပါယ် ပိုရှိတယ်လို့ ယုံကြည်ပါတယ်။

**Wall Street Journal ။** ။ အခုလက်ရှိ မြန်မာပြည်ကို ဘယ်သူက အုပ်ချုပ်နေပါသလဲ?...

**ဒေါ်အောင်ဆန်းစုကြည် ။** ။ သမတဦးသိန်းစိန်သာ အဓိကအုပ်ချုပ်နေတာဖြစ်ပါတယ်။ လူတွေက သမတဦးသိန်းစိန်ကို စစ်တပ်က ထောက်ခံသလား၊ အစိုးရအဖွဲ့အတွင်းမှာရော ထောက်ခံသူတွေရှိရဲ့လား၊ စသဖြင့် မေးခွန်းတွေမေးမြန်းကြတာ အဓိပ္ပါယ်ရှိကြောင်း၊ မိမိအနေနဲ့ထင်မြင်မိတာက သမတဦးသိန်းစိန်သာအဓိကကျတဲ့ခေါင်းဆောင်ဖြစ်ပါတယ်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ တရုတ်ပြည်မှာလိုလို ဒူဘိုင်းမှာလိုလို ပြောဆိုနေတာတွေဟာ ကောလဟာလသာဖြစ်ကြောင်း မိမိအနေနဲ့ထင်မြင်တာကတော့ ၉၉ ရာခိုင်နှုန်းပြောနိုင်တာက ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ မြန်မာနိုင်ငံမှာဘဲရှိနေပါတယ်။

စီးပွားရေးပိတ်ဆို့မှုနဲ့ ပတ်သက်ပြီး အမေရိကန်အစိုးရက ချမှတ်ထားတာဖြစ်တဲ့အတွက် အမေရိကန်အစိုးရရဲ့ တောင်းဆိုချက်တွေပြည့်ပြီလားဆိုတာကသာ အဓိကအခရာကျပါတယ်။ ပိတ်ဆို့အရေးယူမှု ဥပဒေတွေက တောင်းဆိုထားတဲ့ အချက်တွေထဲက နိုင်ငံရေးအကျဉ်းသားတွေအားလုံးလွှတ်ပေးရေးဟာ အမြန်ဆုံးလိုအပ်ချက်ဖြစ်ပါတယ်။

**Wall Street Journal ။** ။ ဘယ်လိုပြောင်းလဲမှုက အဓိကကျတဲ့ ပြောင်းလဲမှုဖြစ်ပါသလဲ?...

**ဒေါ်အောင်ဆန်းစုကြည် ။** ။ မြန်မာနိုင်ငံမှာ လွတ်လပ်တဲ့ တရားစီရင်ရေးမဏ္ဍိုင် အမြန်ဆုံးမြင်တွေ့လိုပါတယ်။ လွတ်လပ်တဲ့ တရားစီရင်ရေးမဏ္ဍိုင်မရှိတဲ့အခါမှာ တရားစီရင်ရေးမှာ ကြိုတင်အမိန့်ချထားပြီးသားတွေကို တရားရုံးတွေက ပြန်လည်ဖတ်ပြရသလိုဖြစ်နေပါတယ်။

တရားစီရင်ရေးမဏ္ဍိုင် လွတ်လပ်မှုမရှိတဲ့အခါမှာ နိုင်ငံရေးယုံကြည်ချက်ကြောင့် နိုင်ငံရေးသမားတွေကို မတရားအတင်းဖမ်းဆီးထောင်ချနေတာတွေဖြစ်ရတယ်။ အနိမ့်ဆုံးအဆင့် ပြည်ပက ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့လည်း တရားဥပဒေစိုးမိုးတဲ့ မြန်မာနိုင်ငံမှာသာ ရင်းနှီးမြှုပ်နှံလိုမှာ ဖြစ်ပါတယ်။

ဒါမှသာ သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ဥပဒေကြောင်းအရ အကာအကွယ် ပေးတဲ့စနစ်ရှိမယ်၊ စီးပွားရေးဆိုင်ရာ ပဋိပက္ခတွေ ဖြစ်လာတဲ့အခါမှာလည်း ဥပဒေကြောင်းအရ ရှင်းလင်းနိုင်မှာဖြစ်ပါတယ်။

**Wall Street Journal ။** ။ မြန်မာနိုင်ငံအနာဂါတ်မှာ အကြီးမားဆုံးအန္တရာယ်က မြန်မာအစိုးရလည်းမဟုတ်ဘူး၊ သမတဦးသိန်းစိန်လည်းမဟုတ်ဘူး၊ တရုတ်အစိုးရရဲ့ ရင်းနှီးမြှုပ်နှံမှုတွေသာ ဖြစ်တယ်လို့ မြန်မာနိုင်ငံသားတချို့က ပြောပါတယ်?...

**ဒေါ်အောင်ဆန်းစုကြည် ။** ။ မိမိအနေနဲ့ အဲဒီလိုမမြင်ပါဘူး။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ တရုတ်နိုင်ငံဟာ မိမိတို့ရဲ့အိမ်နီးချင်းနိုင်ငံသာဖြစ်ကြောင်း အရင်ကတည်းကလည်း တရုတ်နဲ့နှစ်နိုင်ငံဆက်ဆံရေးကောင်းအောင် အမြဲနေလာခဲ့တာ ဖြစ်ကြောင်း၊ ဒါ့ကြောင့်နောင်လည်း တရုတ်နိုင်ငံနဲ့ မိတ်ဆွေကောင်းဖြစ်အောင် တည်ဆောက်ရမှာဖြစ်ပါတယ်။

တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတွေဟာ ပြဿနာရှိတယ်ဆိုတာ မှန်ပါတယ်၊ ဒါကလည်း ပွင့်လင်းမြင်သာမှုမရှိတာကြောင့် ဖြစ်ရတဲ့ကိစ္စတွေကပိုများပါတယ်။ မြန်မာနိုင်ငံသားတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ ကျော်လုံးလုံး အစိုးရက ဘယ်လိုစီးပွားရေး ရင်းနှီးမြှုပ်နှံမှုတွေလုပ်နေသလဲ၊ လက်ခံထားသလဲ စတဲ့အချက်အလက်တွေကို မသိရတဲ့အတွက် တရုတ်ရင်းနှီးမြှုပ်နှံမှုတွေကို ဆန့်ကျင်တဲ့သဘောမျိုးဖြစ်ရတဲ့ကိစ္စတွေက များပါတယ်။

ရင်းနှီးမြှုပ်နှံမှုလို့ဆိုရာမှာ မြန်မာနိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားဖို့လိုပါတယ်။ ကိုယ့်နိုင်ငံကို လာရောက် ရင်းနှီးမြှုပ်နှံကြတဲ့အခါမှာ ကိုယ်က ပိုအကျိုးအမြတ် ခံစားခွင့်တော့ အနိမ့်ဆုံးရှိရမှာဖြစ်ပါတယ်။

**Wall Street Journal ။** ။ လာမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်မလား၊ ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံရေးသမားဖြစ်တယ်လို့ ပြောတဲ့အတွက်

**စာမျက်နှာ ၅ သို့**

# အားလပ်ရက် ၄

ဂျပန်နိုင်ငံမှ အောက်တိုဘာ ၂၃ ထုတ် မိုင်အိနိချိသတင်းစာပါ ဒေါ်အောင်ဆန်းစုကြည်ရေးသားတဲ့ HOLIDAY - 4 မြန်မာပြန်ကို မျှဝေလိုက်ပါတယ်။(ဘာသာပြန်ဆိုသူ မောင်မောင်လှကြိုင်)

ကျွန်မ ပုဂံသွားရောက်ခဲ့တဲ့နေ့များကို ရေးသားနေစဉ် အဲဒီရှေ့ဟောင်းမြို့တော်မှာလုံးဝမကြားဘူးတဲ့ ဝမ်းနည်းကြေကွဲဘွယ် ဖြစ်ရပ်ဆိုးတခုဖြစ်ပေါ်ခဲ့ပါတယ်။ ကမ္ဘာလှည့်ခရီးသည် ဂျပန်အမျိုးသမီးတယောက်ကို မော်တော်ဆိုင်ကယ်တက္ကစီမောင်းသမားကသတ်ဖြတ်လိုက်ခြင်းဟာ တစိမ်းတရံစာများအပေါ် ပျူငှာစွာဆက်ဆံတယ်လို့ နာမည်ကြီးနေတဲ့အသိုင်းအဝိုင်းရှိ လူအများကို တုန်လှုပ်ခြောက်ခြားစေခဲ့ပါတယ်။ ဒီရာဇဝတ်မှုဟာ တုန်လှုပ်ခြောက်ခြားမှုလှိုင်းကိုရိုက်ခတ်လိုက်ပါတယ်။ " ဒီလိုဖြစ်ရပ်ဆိုးဟာ ဒီနေရာမှာ တခါမျှ မဖြစ်ခဲ့ဘူးပါဘူး၊ ကျွန်တော်တို့တော့ နားကိုမလည်နိုင်ပါ။ ကျွန်တော်တို့ဟာ ဒီလိုလူစားတွေမဟုတ်ကြပါ၊ ကျွန်တော်တို့ဟာ အလွန်ကိုရှက်မိပါတယ်။" လို့အခင်းဖြစ်ပွါးရာ ညောင်ဦးဒေသခံအမျိုးသားတဦးက ကျွန်မတို့ကိုယ်စား ပြောကြားပေးလိုက်ပါတယ်။

လူသတ်တရားခံကိုဖမ်းမိလိုက်ပြီးဥပဒေကြောင်းနဲ့အညီဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါပေမင့် အမျိုးသမီးငယ်ကတော့ ပြန်လည်အသက်ရှင်လာမှာမဟုတ်တော့ပါ။ သူမကိုသိခဲ့သူများနဲ့ချစ်ခင်ခဲ့သူများကို ကျွန်မတို့က အထူးကြေကွဲဝမ်းနည်းကြောင်းစကားပါးရမှာပါ။ အရာရာဟာ ထာဝစဉ်မရပ်တည်ပါ။ ဘယ်အရာမှမတည်မြဲပါ။ ဒါဟာ ကျွန်ုပ်တို့ကို ဗုဒ္ဓကဆုံးမပေးတာနဲ့ ပုဂံကသင်ကြားပေးမှုပါ။ ယနေ့တိုင်မပျားပဲ သေချာနေတာက ထိန်းသိမ်းစောင့်ရှောက်ရမှာကို ကြိုးစားထိန်းသိမ်းစောင့်ရှောက်ရမှာပဲဖြစ်ပါတယ်။ ပုဂံရဲ့မဝေးလှတဲ့ အရပ်မှာတနိုင်ငံလုံးက ဝိဉာဉ်များပူဇော်ရာဗဟိုဌာနဖြစ်တဲ့ မီးတောင်ဟောင်းပုပ္ပါးတောင်ကလပ်ရှိပါတယ်။ ပုပ္ပါးရဲ့ နှစ်စဉ်ပွဲတော်ဟာ ယုံကြည်ကိုးကွယ်သူများကိုသာမက ဒီရိုးရာဓလေ့ကို လေ့လာဘို့ စိတ်အားထက်သန်သူသောင်းပေါင်းများစွာရှိတဲ့ ဧည့်သည်တွေကိုပါဆွဲဆောင်ပါတယ်။ ဒီရိုးရာဓလေ့ဟာ ပုဂံဘုရင်များ သူတို့အကြောင်းခြင်းရာများအပေါ် သေရေး ရှင်ရေးရဲ့ နတ်ဘုရားများအဖြစ်ရပ်တည် ပူဇော်ခံကြတဲ့ အချိန်ကတည်းက စတင်ခဲ့တာပါ။

ရှေးဒဏ္ဍာရီအရ ဘုရင်အနော်ရထာလက်ထက်က တောင်တော်ပုပ္ပါးပေါ်မှာ ပန်းစားဘီလူးမ တယောက်ရှိခဲ့ပါသတဲ့။ ထူးခြားတဲ့တန်ခိုးများရှိတဲ့ တော်ဝင်ငယ်ကျွန်တယောက်ဟာ လူစွမ်းကောင်းရဲ့လျင်မြန်မှုနဲ့ပုဂံကလာပြီး ဘုရင်အနော်ရထာအတွက် ပန်းများလာစုဆောင်းခဲ့ပါတယ်။ မြော်လင့်ထားသလိုပါပဲ၊ ဒီလူစွမ်းကောင်းဟာ မိမိကိုယ်ကိုတန်ခိုးနဲ့ လှပအောင်ဖန်ဆင်းထားတဲ့ ဘီလူးမကို တွေ့မြင်သွားကာရည်ငံမိကြပါသတဲ့။ လူစွမ်းကောင်းနဲ့ဘီလူးမတို့ရဲ့ ပေါင်းသင်းမှုရဲ့အသီးအပွင့်ကတော့ နောင်မှာ တောင်တော်ပုပ္ပါးကို စောင့်ရှောက်ကြရမဲ့ နတ်ဝိဉာဉ်များဖြစ်လာမဲ့ ယောက်ျားအမွှာ ကလေးများဖြစ်ကြပါတယ်။

မီးတောင်ဟောင်းရဲ့ထိပ်အထိ စိတ်ဝင်စားဘွယ် ကျောင်းကန်တန်ဆောင်းများရှိနေတာကြောင့် ပွဲတော်ချိန်မဟုတ်ပေမဲ့လဲ ခရီးသွားတွေက ပုပ္ပါးကိုလာကြပါတယ်။ ကျွန်မတို့လဲ ပုပ္ပါးဘက်ကို သွားခဲ့ပါသေးတယ်။ တောင်ပေါ်တော့ မတက်ခဲ့ကြပါ။ တောင်ခြေမှာရှိတဲ့ အမျိုးသားပန်းခြံဥယျာဉ်ကိုသွားလည်ခဲ့ပါတယ်။ အသင့်အတင့်ဘတ်ချက်နဲ့တည်ဆောက်ထားတဲ့ အသင့်အတင့်ဥယျာဉ်ပန်းခြံပါ။ ဒါပေမင့် စိတ်အားထက်သန်ကာ တာဝန်ကျေပွန်လှတဲ့ဝန်ထမ်းရဲ့စိတ်ဓါတ် တွေကူးစက်မိတဲ့အလား ကျွန်မတို့လဲ စိတ်ဝင်စားလျက် ပညာတွေ ရခဲ့ကြပါတယ်။

အမြင့်ပိုင်းဟာ ရာသီဥတု အထူးသာယာနေပါတယ်။ မီးတောင်မြေဟာ ရှားပါးတဲ့သစ်ပင်များနဲ့အပင်ငယ်များကို ထိန်းသိမ်းစိုက်ပျိုးဘို့ကောင်းပါတယ်။နိုင်ငံခြားသစ်ခွများနဲ့လိပ်ပြာများလဲပေါများလှပါတယ်၊ ဒီပန်းဥယျာဉ်မှာဆေးဘက်ဝင်ဟင်းသီးဟင်းရွက်များနဲ့ဘယဆေးပင်များကိုအထူးစိုက်ပျိုးပါတယ်၊ ဒီပန်းဥယျာဉ်ဟာထိန်းသိမ်းစောင့်ရှောက်ခြင်းနဲ့ သုတေသနပြုဘို့အတွက် စံပြဖြစ်ပါတယ်။ လေဟာအေးမြပါတယ်။ကျယ်ဝန်းတဲ့သစ်သားကုန်းပတ်ပေါ်ကနေ မီးတောင်ရဲ့ အံ့မခန်းရှုခင်းကို ကျွန်မတို့ခံစားရသလို စိမ်းလန်းတဲ့ရှုခင်းကလဲ ရုက္ခဗေဒပညာရှင်များကို ဘဝင်ခိုက်ပီတိဖြစ်စေပါတယ်။

ပုဂံကို ဘယ်နှစ်ခေါက်ပဲလာလာ အသစ်အဆန်းတွေကိုတွေ့ရမှာကိုရော၊ စေတီပုထိုးများရဲ့မြို့တော်ရဲ့ ဆွဲဆောင်မှုကိုဖမ်းစားမဲ့ မှော်ပဌလက်ကိုတွေ့ရမှာကိုပါ ပုဂံမှာစတည်းချတဲ့လေးရက်အချိန်ဟာသင့်ကိုအမှတ်ရစေမှာပါ။ သူ့ရဲ့ရှိးရာအနုပညာများနဲ့လက်မှုပညာများ၊ ခြင်းလုပ်ငန်း၊ အိုးထိန်းသည်လုပ်ငန်း၊ ယွန်းထည်လုပ်ငန်းတွေဟာလဲဆွဲမက်စရာကောင်းပြီး အသုံးဝင်စရာများဖြစ်ကြပါတယ်။ ပုဂံဟာမြန်မာ့ယွန်းပညာရဲ့ ရေခံမြေခံအရပ်ပါ။ နည်းပညာဟောင်းများကို ထိန်းသိမ်းထားလျက်ပါ။ ဒါပေမင့် နည်းပညာသစ်များကို ဖန်တီးဘို့ လိုအပ်ချက်ကိုလဲ သတိထားရှေ့ရှုနေကြပါတယ်။ တိုင်းတပါးက နည်းပညာကိုဆည်းပူးလိုစိတ်ရှိနေကြပါတယ်။ အကြီးဆုံးယွန်းထည်လုပ်ငန်းဆိုင်ပိုင်ရှင် အမျိုးသမီးဟာ မြန်မာ့ယွန်းပညာအတွက် တိုးတက်အောင်ကြံဆောင်နိုင်မဲ့နည်းလမ်းများကို ဂျပန်မှာသွားလေ့လာပါတယ်။

သမိုင်းပညာရပ်၊ ဆောက်လုပ်ရေးပညာရပ်၊ အနုပညာနဲ့ သဘာဝအလှအပများကိုပုဂံကများစွာပေးလျက်ပါ။ဒါပေမင့်အရေးကြီးဆုံးကသူ့ရဲ့ဌာနေပြည်သူများပါ။ ဂုဏ်ယူရတဲ့ မြို့တော်ဟောင်းရဲ့ဌာနေများရဲ့ လိုက်လျောညီထွေတဲ့ ညင်သာသိမ်မွေ့မှုနဲ့ ပျူငှာဖော်ရွေ မှုတွေ၊ သူတို့ရဲ့ချစ်စရာကောင်းတာတွေဟာ အံ့မခန်းစရာပါပဲ။

တနေ့ခင်းမှာတော့ ကျွန်မတို့ နေ့လည်စာအတွက် "သာရဘာ - ၃" စားသောက်ဆိုင်ကိုသွားခဲ့ပါတယ်။ သစ်ပင်များအရိပ်အောက်မှာ ခင်းကျင်းထားတဲ့ ရှည်လျားတဲ့ စားပွဲများနဲ့ထိုင်ခုံရှည်များရှိပေမင့် မြို့ရဲ့အကောင်းဆုံးစားသောက်ဆိုင်များအနက် တခုပင်ဖြစ်ပါတယ်။ "သာရဘာ - ၁"ဟာလဲ ဒီအဆင်အပြင် အတိုင်းရှိခဲ့ဘူးပါတယ်။ အခုတော့ မူလနေရာကနေ ရွှေ့သွားခဲ့ပါပြီ။ သစ္စာရှိဖောက်သည်များကတော့ အခြားသစ်ပင်များအောက်မှာ ပြန်လည်ထွက်ပေါ်လာတဲ့ "သာရဘာ-၂" ဆီဦး တည်သွားကြပါတယ်။ "သာရဘာ - ၂"လဲ ရွှေ့ပြောင်းသွားပါတယ်။ ဖောက်သည်ဟောင်းများက "သာရဘာ - ၃"ကိုပဲ စွဲစွဲမြဲမြဲ အလေးထားအားပေးလျက်ရှိနေပါတယ်။

သစ်ပင်များရဲ့အရိပ်အောက်ကစားပွဲခုံများပေါ်က ထမင်းတနပ်

စာမျက်နှာ ၅ သို့

# အမေရိကန်အထူးသံကိုယ်စားလှယ်နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံဆွေးနွေး

**VOA၊အောက်တိုဘာ ၂၅။ ။** မြန်မာနိုင်ငံကို ၂ ရက်ကြာခရီး ရောက်နေတဲ့ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် မူဝါဒရေးရာညှိနှိုင်းရေးမှူး Derek Mitchell ဟာ မနေ့က နေပြည်တော်မှာပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းနဲ့ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့နဲ့ တွေ့ဆုံခဲ့ပြီး နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို လွှတ်ပေးရေး၊တိုင်းရင်းသားဒေသတွေမှာ အင်အားသုံးနှိပ်ကွပ်နေတာတွေကိုအဆုံးသတ်ရေးစတဲ့ စိုးရိမ်မကင်းဖြစ်ရတာတွေကို ဆွေးနွေးပြောဆိုခဲ့ကြဖို့ရှိတယ်လို့ အမေရိကန်သံရုံးက VOA ကိုပြောပါတယ်။

ဒ့ါအပြင်မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီနေ့ နာရီအတန်ကြာ တွေ့ဆုံဆွေးနွေးခဲ့တယ်လို့ အမည်မ ဖော်လိုသူ NLD အဖွဲ့ဝင် တဦးက အတည်ပြုပါတယ်။ ဒါနဲ့ပတ်သက်လို့ မစ္စတာ Derek Mitchell ရဲ့ ခရီးစဉ်ကို ဘန်ကောက်ကနေ စောင့်ကြည့်နေတဲ့ ဝိုင်းတော်သူ ဒေါ်ခင်စိုးဝင်းက အပြည့်အစုံတင်ပြပေးထားပါတယ်။

အမေရိကန် အထူးကိုယ်စားလှယ် Derek Mitchell က မြန်မာနိုင်ငံနဲ့ ထိတွေ့ဆက်ဆံရေးမူ ဆက်လက်ရှင်သန်ရေးအတွက် မြန်မာအစိုးရတာဝန်ရှိသူ တွေနဲ့ရော မြန်မာ့နိုင်ငံရေးမှာ မဖြစ်မနေပါဝင်ရမယ့် သက်ဆိုင်သူတွေနဲ့ပါ ဆွေးနွေးပြောဆိုနိုင်ဖို့အတွက် သူ့အနေနဲ့ အတတ်နိုင်ဆုံး မကြာခဏဆိုသလို မြန်မာနိုင်ငံကို လာရောက်ဖို့ စီစဉ်ထားတာဖြစ်တယ်လို့ ရန်ကုန်ရှိ အမေရိကန်သံရုံးက ဗွီအိုအေကို ပြောပြထားပြီး ဖြစ်ပါတယ်။

အခု သူ့ရဲ့ ၂ ရက်ကြာ ခရီးစဉ်အတွင်းမှာလည်း မနေ့တုန်းက နေပြည်တော်ကို ခရီးရောက်မဆိုက် သွားရောက်ခဲ့ပြီးတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်း၊ နိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်တို့နဲ့ တွေ့ဆုံဆွေးနွေးခဲ့ တယ်လို့ သိရပါတယ်။ အထူးကိုယ်စားလှယ် Derek Mitchell အနေနဲ့ မြန်မာတာဝန်ရှိသူတွေနဲ့ တွေ့တဲ့အခါတိုင်းလိုလိုမှာ ဒီအခြေအနေအချိန်အခါ ကောင်းကိုအသုံးချ ပြီးတော့နိုင်ငံရေးအကျဉ်းသားတွေ အားလုံးလွှတ်ပေးရေး၊ တိုင်းရင်းသားလူမျိုးစုတွေ၊ အတိုက်အခံနိုင်ငံရေးပါတီတွေနဲ့တွေ့ဆုံဆွေးနွေးရေး၊ နျူကလီယား မပြန့်ပွားရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်တွေကို လိုက်နာရေး၊ တိုင်းရင်းသားလူနည်းစုတွေကို အကြမ်းဖက်နှိပ်ကွပ်နေတာတွေ အဆုံးသတ်ရေးစတဲ့ အမေရိကန်ပြည်ထောင်စုက အဓိက စိုးရိမ်မကင်းဖြစ်နေရတဲ့အချက်တွေကို ဆွေးနွေးပြောဆိုမှာဖြစ်တယ်လို့လည်း အမေရိကန်သံရုံးပြောခွင့်ရ သူကဗွီအိုအေကို ပြောပြထားပြီးဖြစ်ပါတယ်။

ဒီကနေ့မှာတော့ အမေရိကန် အထူးကိုယ်စားလှယ် Derek Mitchell ဟာ မွန်းလွဲပိုင်းမှာ မြန်မာ့ဒီမိုကရေစီရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ရန်ကုန်၊ ပြည်လမ်းမှာရှိတဲ့ အမေရိကန်သံရုံး ယာယီတာဝန်ခံရဲ့ နေအိမ်မှာ နာရီအတန်ကြာ တွေ့ဆုံခဲ့တယ်လို့အမည်မဖော်လိုတဲ့ NLD အဖွဲ့ဝင်တဦးကအတည် ပြုပြောဆိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က သမ္မတဦးသိန်းစိန်နဲ့ ဩဂုတ်လအတွင်းမှာတွေ့ဆုံခဲ့ပြီးတဲ့နောက် မြန်မာအလုပ်သမားဝန်ကြီး ဦးအောင်ကြည်နဲ့လည်း ၂ ကြိမ်တိုင်တွေ့ဆုံခဲ့ပြီးတော့ အများပြည်သူအကျိုးအတွက်ပူးပေါင်းဆောင်ရွက်ကြဝင်မယ်လို့သဘောတူခဲ့ကြပါတယ်။အစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ အနှစ်သာရရှိတဲ့တွေ့ဆုံဆွေးနွေးတာတွေလုပ်ဖို့ အမေရိကန်ပြည်ထောင်စုက အစဉ်တစိုက်တိုက်တွန်းခဲ့တာပါ။

ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာအစိုးရဆွေးနွေးနိုင်တဲ့အဆင့်မှာရှိနေပေမဲ့လို့ တိုင်းရင်းသားဒေသတွေမှာ မြန်မာအစိုးရက အင်အားသုံးနှိပ်ကွပ်နေတာ၊ မြန်မာ့နိုင်ငံရေးမှာအရေးပါတဲ့ ကိုမင်းကိုနိုင်လိုရဲမျိုးဆက် ကျောင်းသားတွေ၊ ရှမ်းတိုင်းရင်းသားခေါင်းဆောင် ဦးခွန်ထွန်းဦးတို့ အပါအဝင်နိုင်ငံရေးအကျဉ်းသား ၁,၈၀၀ ကျော် ကျန်ရှိနေသေးတာကြောင့် အမေရိကန်ပြည်ထောင်စုက ဘဝင်မကျဘဲ အမေရိကန်အထူးကိုယ်စားလှယ်DerekMitchell မြန်မာနိုင်ငံကိုတခေါက်အရောက်ပြန်လာခဲ့တာဖြစ်တယ်လို့လည်း နိုင်ငံရေးအကဲခတ် တွေကသုံးသပ်နေကြပါတယ်ရှင်။

---

**စာမျက်နှာ ၃ မှ**

နိုင်ငံရေးသမားဆိုရင် အာဏာရယူဖို့လိုအပ်တာမဟုတ်ပါဘူးလား?...

**ဒေါ်အောင်ဆန်းစုကြည် ။** ။ မှန်ပါတယ်။ နိုင်ငံရေးပါတီဖြစ်လာပြီဆိုရင် ရွေးကောက်ပွဲဝင်ရမယ် စတဲ့အချက်တွေကို တချိန်မဟုတ်တချိန်မှာ ဖြတ်သန်းရစမြဲပါ။ အဲဒီလိုအခြေအနေကိုရောက်ဖို့ဆိုရင် မြန်မာနိုင်ငံသားတွေအနေနဲ့ လွတ်လပ်စွာ သူတို့ထောက်ခံသူတွေကို ရွေးချယ်ပိုင်ခွင့်ရှိရပါလိမ့်မယ်။

**Wall Street Journal ။** ။ လာမယ့် ကြားဖြတ်ရွေးကောက်ပွဲအမီ ပါတီပြန်လည် မှတ်ပုံတင်မလား?...

**ဒေါ်အောင်ဆန်းစုကြည် ။** ။ နိုင်ငံရေးပါတီတွေ မှတ်ပုံတင်ရေး ဥပဒေပေါ်မှာသာ မူတည်ပါလိမ့်မယ်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြန်လည်ပြင်ဆင်တာတွေတော့ ရှိပါတယ်၊အခုလောလောဆယ်လွှတ်တော်မှာ ဆွေးနွေးနေကြဆဲဖြစ်ပြီး အားလုံးဆုံးဖြတ်ချက်ကျပြီး ထွက်လာတဲ့အချက်အလက်ကို မူတည်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ဆုံးဖြတ်သွားမှာပါ။

---

**စာမျက်နှာ ၄ မှ**

ဟာ လူတွေဘာကြောင့် ဒီဆိုင်ရဲ့အစားအစာနဲ့ဩဇ္ဈဝတ် ကျေပွန်ဖော်ရွေမှုကို နှစ်သက်မက်မောနေရတယ်ဆိုတာကို သဘောပေါက်စေပါတယ်။ ငွေကျပ်သုံးရာ(အမေရိကန် ၅၀ ဆင့်ထက်နည်းတဲ့ငွေ)နဲ့ ထမင်းမောက်မောက် တပန်းကန်၊ ချဉ်ပတ်၊ ခရမ်းချဉ်သီးအနှစ်ဖျော်ရည်စပ်စပ်၊ နမ်းဖျော်ရည်ပြစ်ပြစ်၊ ငချဉ်ဟင်းသီးဟင်းရွက်အဖြုန်းစတဲ့ အရံဟင်းပွဲ ၅ ပွဲ ၆ ပွဲကိုအကြိုက်စားနိုင်ပါတယ်။ သာမန်စားသုံးသူတယောက်အတွက် လုံ လောက်တဲ့ ထမင်းတနပ်ဖြစ်ပါတယ်။ အသားနဲ့ငါးဟင်းပန်းကန်များကို စားပွဲများပေါ်မှာတင်ထားပါတယ်။ အသားတုံး၊ ငါးတုံးများကို ကိုယ်ယူသလောက်ရှင်းရပါတယ်။

ပုဂံမှာနေခဲ့ရတဲ့ ကျွန်မရဲ့ရက်အနည်းငယ်ခရီးကို စာတအုပ်အဖြစ်ရေးနိုင်ပေမင့် ဒီအချိန်မှာရပ်နားလိုက်ပါ့မယ်။ အချက်အပြုတ်ဆိုင်ရာထက် ပိုကောင်းတဲ့ဘယ်လိုမှတ်ချက်ပေးရမှာပါလဲ။ ဒါကြောင့်ကျွန်မရိုးရိုးလေးပဲပြောပါ့မယ်-"သာရဘ ၃"ရဲ့ ရိုးစင်းတဲ့ သာယာကြည်နူးမှုကို သင်လာရောက်ပြီး အရသာခံကြည့်ကြပါ။ မြန်မာနိုင်ငံမှာ အားလပ်ရက်အဖြစ် ကိုယ်တိုင်လာရောက်ခံစား ကြည့်ပါ-လို့။

# ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးအောင်ကြည် ထပ်မံတွေ့ဆုံဆွေးနွေး

**VOA ၊ အောက်တိုဘာ ၃၀ ။** ။ ပြင်ဆင်ထားတဲ့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကို အတည်ပြုပြီးမှ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အနေနဲ့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ရေးကိစ္စကို ဆုံးဖြတ်မယ်လို့ ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်ပါတယ်။ ပြည်ထောင်စု အစိုးရဝန်ကြီး ဦးအောင်ကြည်နဲ့ တနင်္ဂနွေနေ့က တွေ့ဆုံအပြီးပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲအတွင်း မြန်မာ့ဒီမိုကရေစီအရေး ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က အဲဒီလိုပြောကြားလိုက်တာပါ။ အပြည့်အစုံကိုတော့ ကိုဇော်ဝင်းလှိုင်ကတင်ပြထားပါတယ်။

မြန်မာ့ဒီမိုကရေစီအရေးခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့ အလုပ်သမားဝန်ကြီးဌာနနဲ့ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနဲ့ နေရာပြန်လည်ချထားရေးဝန်ကြီးဦးအောင်ကြည်တို့ တနင်္ဂနွေနေ့ နေ့လည်ပိုင်းက ရန်ကုန်စိမ်းလဲ့ကန်သာရိပ်သာမှာ တွေ့ဆုံခဲ့ကြတာပါ။ တွေ့ဆုံအပြီး ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲအတွင်း NLD ပါတီမှတ်ပုံတင်ရေးကိစ္စနဲ့ပတ်သက်လို့သတင်းထောက်တွေရဲ့အမေးကိုဒေါ်အောင်ဆန်းစုကြည်က အခုလို ဖြေကြားခဲ့ပါတယ်။

"ကျမတို့က NLD ပါတီ ပြန်ပြီးတော့ မှတ်ပုံတင်ရေးကိစ္စဟာ ဥပဒေအပေါ်မှာ တည်ပါတယ်။ အဲဒီတော့ ဒီဥပဒေအတည်ပြုပြီးတော့ ထွက်လာတဲ့အထိ စောင့်ပြီးတော့မှ ကျမတို့ ပြောနိုင်မယ့်ကိစ္စဖြစ်ပါတယ်။ ကျမတို့က ဒီဥပဒေ ထွက်လာပြီဆိုရင် အစည်းအဝေးခေါ်ရမှာပေါ့။ ဒါ ကျမတို့ရဲ့ ပါတီစည်းမျဉ်းစည်းကမ်းအရ အစည်းအဝေးခေါ်ပြီးမှ ဆုံးဖြတ်ချက်ကို ချပါလိမ့်မယ်။ ဒါပေမဲ့ ကျမတို့က တိကျတယ်လေ။ ဥပဒေကို ကြည့်ပြီးမှပြောတယ်။ မကြည့်ရသေးလို့ ကျမ မမြင်ရသေးလို့ မပြောသေးတာပါ။"

NLD ပါတီ မှတ်ပုံတင်ရေးကိစ္စအပြင် ကုန်သွယ်ရေးနဲ့ လွတ်လပ်စွာငွေကြေးလည်ပတ်မှုအပါအဝင် တခြား ဆွေးနွေးဖြစ်ခဲ့ကြတဲ့အကြောင်းအရာတွေကိုတော့ ဝန်ကြီးဦးအောင်ကြည်က သတင်းစာရှင်းလင်းပွဲအစမှာ ဖတ်ကြားပြခဲ့ပါတယ်။

"ယခင် ဆွေးနွေးခဲ့မှုများအပေါ် နိုင်ငံတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနေသည့် အခြေအနေ၊ တိုင်းပြည် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လွတ်လပ်စွာကုန်သွယ်ခွင့်၊ ကူးသန်းရောင်းဝယ်ခွင့်ရရှိရေးနဲ့ လွတ်လပ်စွာငွေကြေး လည်ပတ်သုံးစွဲခွင့်ရရှိရေး တို့နှင့်ပတ်သက်၍အမြင်ချင်းဖလှယ်ဆွေးနွေးကြပါသည်။ထိုအပြင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန် နိုင်ငံတော်က ဆောင်ရွက်ပေးနေမှုများ၊ တိုးတက်ဖြစ်ထွန်းမှုအခြေအနေများနှင့် လွတ်ငြိမ်းချမ်းသာခွင့် ပေးသင့်သူများကိုလည်း ဆွေးနွေးခဲ့ကြပါသည်။ တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားရန် သဘောတူညီခဲ့ကြပါသည်။ ဒီလောက်ပါပဲ။"

နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးရေးကိစ္စနဲ့ပတ်သက်လို့သတင်းထောက်တွေက မေးတာကိုလည်း ဝန်ကြီးဦးအောင်ကြည်ကအခုလို ပြန်လည်ဖြေကြားခဲ့ပါတယ်။

"ကျနော်တို့က လုပ်ငန်းစဉ်တစ်ရပ်ကို လုပ်တဲ့အခါမှာ ကျနော်တို့ တစ်လှမ်းပြီး တစ်လှမ်း ဆောင်ရွက်တတ်တဲ့ သဘာဝရှိပါတယ်။ အဲဒါ အားလုံးလည်း သိတဲ့အတိုင်းပဲ။ ကျနော်တို့က စုံလည်း မခုန်ဘူး၊ ရပ်လည်း မနေပါဘူး။ အားလုံးကို ကျေးဇူးတင်ပါတယ်။"

မွန်းလွဲ ၁ နာရီကနေ ၁ နာရီ ၅၅ မိနစ်အထိ ပြုလုပ်တဲ့ ဒီတွေ့ဆုံဆွေးနွေးမှုဟာ သမ္မတဦးသိန်းစိန်ဦးဆောင်တဲ့ အစိုးရ သစ်တက်လာပြီးနောက်ပိုင်း ၄ ကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပါတယ်။ အရင် စစ်အစိုးရလက်ထက်ဦးအောင်ကြည်ကို ဆက်ဆံရေးဝန်ကြီးအဖြစ်တာ ဝန်ပေးလိုက်တဲ့ ၂၀၀၇ ခုနှစ်ကစလို့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးအောင်ကြည်တို့အကြား ၉ ကြိမ်တိုင်တိုင် တွေ့ခဲ့ပြီးလည်းဖြစ်တာကြောင့် စုစုပေါင်းတွေ့ဆုံမှုဟာ ၁၃ ကြိမ်အထိရှိသွားပြီ ဖြစ်ပါတယ်။

---

## လျှော့ရက်ပိတ်မှု မကျေနပ်၍ ထောင်တွင်း အစာတော်ခံဆန္ဒပြ

**DVB ၊ အောက်တိုဘာ ၂၆ ။** ။ အစိုးရက နိုင်ငံရေးအကျဉ်းသားတွေကို လျှော့ရက်ခံစားခွင့် ပိတ်ထားတဲ့အပေါ် မကျေနပ်လို့ အင်းစိန်ထောင်မှာ နိုင်ငံရေးအကျဉ်းသား ၁၅ ဦး အစာတော်ခံဆန္ဒပြ နေကြတယ်လို့နိုင်ငံရေးအကျဉ်းသားမိသားစုများအကျိုးဆောင်ကွန်ရက်က ပြောပါတယ်။

မြန်မာနိုင်ငံ နိုင်ငံရေးအကျဉ်းသားမိသားစုများ အကျိုးဆောင်ကွန်ရက်က ဒီကနေ့ထုတ်ပြန်တဲ့ ကြေညာချက်မှာ ၁၉၉၇ ခုနှစ်ကစပြီး ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေသူတွေအပေါ် လျှော့ရက် ရုပ်သိမ်းတာဟာ တရားမျှတမှုမရှိဘူးလို့ ဖော်ပြထားပြီး အကျဉ်းသား ၁၅ ဦး ဒီကနေ့ အစာတော်ခံဆန္ဒပြနေကြောင်း ဆိုပါတယ်။

အစာတော်ခံ ဆန္ဒပြနေကြတာနဲ့ပတ်သက်လို့ ကွန်ရက်အဖွဲ့က ပြောခွင့်ရှိသူ ကိုအောင်ဇော်ထွန်းက အခုလို ပြောပါတယ်။

"နေ့ခင်း ၁၂ နာရီကနေစပြီးတော့ သတင်းထုတ်တဲ့ထဲမှာ ပါသလိုပဲ ၅ ဆောင်၊ အဆောင်မှူး ဦးမြင့်မောင်ကတဆင့် မိန်းဂျေးတာဝန်ခံ ဦးဝင်းနိုင်ကို စပြီး သတင်းပို့လိုက်တယ်။ ဒီနေ့ နေ့ခင်း ၁၂ နာရီကနေစပြီး လုပ်တယ်။ မနက်ပိုင်းကျွေးမွေးတဲ့ အစားအစာတွေကို မစားမသောက်တော့ဘဲ ထောင်လက်စွဲ ဥပဒေအရ ရသင့်ရထိုက်တဲ့ လျှော့ရက် ခံစားခွင့်တွေကို ရရှိဖို့အတွက် အစာတော်ခံ ဆန္ဒပြတောင်းဆိုတယ်ဆိုတာကို စတင်ကြေညာလိုက်တယ်။"

နိုင်ငံရေးအကျဉ်းသားတွေရဲ့ အစာတော်ခံဆန္ဒပြပွဲ အောင်မြင်ဖို့ ကုလသမဂ္ဂ၊ နိုင်ငံတကာနဲ့ အဖွဲ့အစည်းတွေအပါအဝင် လူ့အခွင့်အရေး အဖွဲ့တွေက ဝိုင်းကူညီကြဖို့ ကြေညာချက်မှာ တိုက်တွန်းထားပါတယ်။

ကွန်ရက်ရဲ့ ကြေညာချက်မှာ ဖော်ပြထားတဲ့ ဓာတ်ပုံတချို့နဲ့ လူ ၁၅ ဦး အမည်စာရင်းထဲမှာ ထောင် ၁၈ နှစ်ကျတဲ့ ကိုညီညီထွန်း၊ ၁၂ နှစ်ကျတဲ့ ကိုကောင်းမြတ်လှိုင်၊ ၂၂ နှစ်ကျတဲ့ ကိုဉာဏ်ထွန်းလင်းနဲ့ ၂၃ နှစ်ကျတဲ့ ကိုဇင်မင်းရှိန်တို့ ပါဝင်ပါတယ်။

ဒီကနေ့ အစိုးရရုံးပိတ်ရက်ဖြစ်ပြီး မနက်ဖြန်ထောင်ဝင်စာတွေ ပြန်ဖွင့်မယ်ဆိုတာကြောင့် သတင်းအချက်အလက်တွေ ဒီထက် ပိုမိုရနိုင်တယ်လို့ ကိုအောင်ဇော်ထွန်းက ပြောပါတယ်။

ဒီသတင်းနဲ့ပတ်သက်လို့ ထောင်အာဏာပိုင်တွေကို ဆက်သွယ်မေးမြန်းဖို့ ကြိုးစားပေမယ့် မရသေးသလို တခြားသီးသန့် အတည်ပြုချက်တွေ ထပ်မံရရှိဖို့ ကြိုးစားနေဆဲဖြစ်ပါတယ်။

# မြန်မာနိုင်ငံရဲ့ တိုးတက်မှုအခြေအနေသည် ယာယီအဆင့်မှာသာ ရှိဟုဆို

**VOA ၊ အောက်တိုဘာ ၂၅ ။** ။ မြန်မာနိုင်ငံမှာ ဆယ်စုနှစ်တွေနဲ့ချီ မတွေ့ခဲ့ရတဲ့ အပြုသဘောဆောင်တဲ့ အပြောင်းအလဲတချို့ တွေ့နေရတာကို ငြင်းချက်ထုတ်စရာမရှိပေမဲ့ ဒီဖြစ်ထွန်းမှုအများစုဟာ ယာယီအဆင့်မှာပဲရှိနေသေးတာကြောင့် အနှစ်သာရရှိတဲ့ အပြောင်းအလဲတွေရှိနေပြီလို့ပြောဖို့အချိန်မတန်သေးကြောင်းအရှေ့အာရှနဲ့ပစိဖိတ်ဒေသရေးရာ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Campbell က ဒီကနေ့မှာပဲ ပြောဆိုလိုက်ပါတယ်။ ဒါ့အပြင် အမေရိကန်က အစဉ်တစိုက်ပြောလာခဲ့တဲ့ နိုင်ငံရေးအကျဉ်းသားတွေ အားလုံးကို ပြန်လွှတ်ပေးဖို့ကိုလည်း သူက ထပ်ပြောခဲ့ပါတယ်။ ဒီအကြောင်းကိုဘန်ကောက်ကနေ ဒေါ်ခင်စိုးဝင်းက သတင်းပေးပို့ထားပါတယ်။

အမေရိကန် လက်ထောက်နိုင်ငံခြားရေး ဝန်ကြီး Kurt Cam pbellက မြန်မာအစိုးရက ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးတာ၊ အလုပ်သမားဥပဒေ အတည်ပြုခဲ့တာ၊ နိုင်ငံရေး အကျဉ်းသားတချို့လွှတ်ပေးခဲ့တာ၊ ဧရာဝတီမြစ်ဖျားခံရာ မြစ်ဆုံရေကာတာ စီမံကိန်းဆိုင်းငံ့ခဲ့တာအပါအဝင် ဖြစ်ထွန်းမှုတွေတွေ့ရလို့ အားတက်မိတယ်လို့ အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့မှာ ကျင်းပတဲ့သတင်းစာရှင်းလင်းပွဲမှာအခုလိုပြောဆိုလိုက်ပါတယ်။

လွှတ်တော်တွေထဲမှာ အချေအတင်ဆွေးနွေးတာတွေစတင်နိုင်ခဲ့တယ်ဆိုတာကလည်း ပြုပြင်ပြောင်းလဲရေးကို ရှေ့ရှုတဲ့ခြေလှမ်းဖြစ်ပြီးတော့ နိုင်ငံအတွင်း ဒီထက်မက အပြုသဘောဆောင်တဲ့အလားအလာတွေ မျှော်မှန်းလို့ ရပြီဆိုတဲ့သဘောပါပဲလို့ ဆိုပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ဆယ်စုနှစ်တွေနဲ့ချီ မတွေ့ခဲ့ရတဲ့ အပြုသဘောအဆောင်ဆုံး ဖြစ်ထွန်းမှုတချို့ကို တွေ့နေရတယ်ဆိုတာ ကတော့ငြင်းစရာမရှိပါဘူး။ ဒါပေမယ့် ဒီဖြစ်ထွန်းမှု အများစုဟာ ယာယီအဆင့်မှာပဲ ရှိနေသေးတာကြောင့် အနှစ်သာရရှိတဲ့ အပြောင်းအလဲ ဖြစ်လာပြီလို့တော့ ပြောဖို့ စောသေးတယ်၊ အချိန်မတန်သေးဘူးလို့ ပြောဆိုသွားတာဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာနိုင်ငံထဲမှာ ဒီထက်မက နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို ထပ်ပြီး လွှတ်ပေးစေလိုပါကြောင်း၊ အတိုက်အခံနိုင်ငံရေးပါတီတွေကိုလည်း ဥပဒေနဲ့အညီတရားဝင်ရပ်တည်ခွင့်ရရှိရေး၊ တိုင်းရင်းသားလူနည်းစုတွေနဲ့ ဆွေးနွေးပြောဆိုရေးတွေ ပြုလုပ်ဖို့အတွက်ကိုလည်း Kurt Campbellက တိုက်တွန်းလိုက်ပါတယ်။

မြန်မာနဲ့မြောက်ကိုရီးယား နှစ်နိုင်ငံအကြား နျူကလီယားပူးပေါင်းဆောင်ရွက်မှု၊ လက်နက်အရောင်းအဝယ်စတဲ့ဆက်ဆံရေးနဲ့ပတ်သက်ပြီးတော့လည်း ပြီးခဲ့တဲ့လတုန်းက မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်နဲ့ သူတွေ့ဆုံစဉ်ဆွေးနွေးခဲ့တယ်လို့ ဗီအိုအေကိုပြောပြပါတယ်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီရဲ့ဆုံးဖြတ်ချက်တွေနဲ့ပတ်သက်ပြီးတော့ ပြတ်ပြတ်သားသားရှင်းရှင်းလင်းလင်းပြောဆိုဖြစ်ပါတယ်တဲ့။

မြန်မာနိုင်ငံခြားရေးဝန်ကြီးကလည်းသူ့နိုင်ငံအနေနဲ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အတိုင်း လိုက်နာကျင့်သုံးနေတယ်လို့ပြောဆိုခဲ့ပါတယ်တဲ့။ ဒါပေမယ့် ကျနော်တို့ကတော့ မြန်မာနိုင်ငံနေနဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်ကို တကယ်ပဲ လိုက်နာမလားဆိုတာနဲ့ ဘယ်လို အကောင်အထည်ဖော်သွားမလဲဆိုတာကိုအနီးကပ်စောင့်ကြည့်သွားမှာဖြစ်တယ်လို့ ပြောပြသွားတာပါ။

အရှေ့အာရှနဲ့ပစိဖိတ်ရေးရာ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Campbell ဟာ အာရှနဲ့ပစိပိတ်ဒေသ ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးညီလာခံနဲ့ အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေးအကြိုညှိနှိုင်းနိုင်ဖို့ အင်ဒိုနီးရှား ထိပ်ပိုင်းတာဝန်ရှိသူတွေနဲ့ ဆွေးနွေးဖို့အတွက် ဂျာကာတာမြို့တော်ရောက်ရှိနေစဉ် ဒီနေ့သတင်းစာရှင်းလင်းပွဲ ပြုလုပ်သွားတာဖြစ်ပါတယ်။

## ပြောင်းလဲမှုအဆင့်တိုင်းမှာ လူငယ်နဲ့အမျိုးသမီးတွေ ပါရေး
## ဗြိတိန်နိုင်ငံသူ အော်စကာဆုရှင် ပြောဆို

**RFA ၊ အောက်တိုဘာ ၂၅ ။** ။ မြန်မာနိုင်ငံမှာ နိုင်ငံရေးအရ အစပျိုးအပြောင်းအလဲတွေ မြင်တွေ့ရစပြုလာပြီလို့ ဆိုနိုင်ပေမယ့် ပြောင်းလဲမှုအဆင့်တိုင်းမှာ လူငယ်တွေနဲ့ အမျိုးသမီးတွေ ပါဝင်ခွင့်ရှိရေးဟာ ဆင်းရဲမွဲတေမှု လျှော့ချနိုင်ရေးအတွက် အထူးအရေးကြီးကြောင်း မြန်မာနိုင်ငံကို (၈) ရက်ကြာ လေ့လာခဲ့တဲ့ အော်စကာဆုရ ဗြိတိန်နိုင်ငံသူ ရုပ်ရှင်မင်းသမီး Emma Thompson က ပြောလိုက်ပါတယ်။

ဟောလိဝုဒ်မင်းသမီး Emma Thompson ဟာ မြန်မာနိုင်ငံမှာ ဆင်းရဲမွဲတေမှုလျှော့ချရေး စီမံကိန်းတွေကို အောက်ခြေ လူမှုအဖွဲ့အစည်းတွေနဲ့ ပူးတွဲဆောင်ရွက်နေတဲ့ Action Aid အဖွဲ့ရဲ့ သံတမန်အဖြစ် မြန်မာနိုင်ငံကို လာရောက်လေ့လာခဲ့တာပါ။

မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး အရေးတကြီး ဆောင်ရွက်ဖို့ လိုအပ်နေတဲ့ အချက်တွေနဲ့ပတ်သက်ပြီး ပြောဆိုခဲ့ရာမှာ -

"မြန်မာနိုင်ငံဟာ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဒဏ်ကို ခံစားနေရတဲ့ နိုင်ငံဖြစ်ပါတယ်။ ရာသီဥတု ဆိုးဝါးမှုဒဏ်ကို ခံစားနေရတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ တွေ့ခဲ့ရတာမျိုးတွေ မြန်မာနိုင်ငံရဲ့ ဒေသ တချို့မှာလည်း တွေ့နေရပါတယ်။ တစ်ချို့နေရာတွေမှာဆိုရင် စိုက်ပျိုးရခက်ခဲတဲ့ ဒေသတွေ ဖြစ်နေပါတယ်။

အဆိုးဝါးဆုံးက ဆင်းရဲသားပြည်သူတွေဟာ ကျန်းမာရေးနဲ့ ပညာရေး ကဏ္ဍတွေမှာ အခွင့်အလမ်းမရှိဘဲ နိမ့်ကျနေတာ ဖြစ်ပါတယ်" လို့ ရုပ်ရှင်မင်းသမီး Emma Thompson ပြောသွားပါတယ်။

ခရီးစဉ်အတွင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးပါတီ ခေါင်းဆောင်တွေ၊ လူမှုအဖွဲ့အစည်းခေါင်းဆောင်တွေအပြင် ပြန်လည်လွှတ်မြောက်လာတဲ့ နိုင်ငံရေးအကျဉ်းသား တချို့နဲ့လည်း တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံရဲ့ လက်ရှိ ပြောင်းလဲမှုအခြေအနေအပေါ် သဘောထားအမြင်တွေ မေးမြန်းခဲ့တယ်လို့ သိရပါတယ်။

လေ့လာရေးခရီးမှာ တွေ့ကြုံခဲ့ရတဲ့ အချက်တချို့ကို ဗီဒီယိုမှတ်တမ်းအဖြစ် Action Aid အဖွဲ့ က ထုတ်ပြန်ခဲ့ပါတယ်။ နိုင်ငံတကာအနေနဲ့လည်း လက်ရှိ မြန်မာနိုင်ငံရဲ့ ပြောင်းလဲမှုအစပိုင်းကို လက်လွှတ်မခံဘဲ ဝိုင်းဝန်း ပံ့ပိုးပေးကြဖို့ လိုအပ်ကြောင်း မင်းသမီး Emma Thompson က ဗီဒီယိုမှတ်တမ်းကတဆင့် တောင်းဆိုလိုက်ပါတယ်။

# တရုတ်နိုင်ငံကို မြန်မာအစိုးရက တကယ်ကျောခိုင်းလိုက်ပြီလား

RFA အသံလွှင့်ဆောင်းပါး

အခုသီတင်းပတ်ဟာ မြန်မာနိုင်ငံမှာ အရေးကြီးတဲ့ သံခင်း တမန်ခင်း အဝင်အထွက်များတဲ့ကာလဖြစ်ပြီး အမေရိကန်၊ တရုတ်၊ အိန္ဒိယ အာဆီယံ အစရှိသဖြင့် မြန်မာနဲ့ သံတမန်ဆက်ဆံရေး နယ်ပယ် ချဲ့နေကြပါတယ်။ ဒါပေမယ့်လည်း ဒီမူဝါဒဟာ မြန်မာရဲ့ နိုင်ငံတကာ သံရေး တမန်ရေး လမ်းကြောင်းသစ်တော့ မဟုတ်ပါဘူးလို့ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့အခြေစိုက် သတင်းစာဆရာ Larry Jagan က အာရှအကဲဖြတ်ချက်ကို ဒီတပတ် သုံးသပ်တင်ပြထားပါတယ်။

မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေ လုံးဝဖြစ်နေပါပြီလို့တကယ် တမ်းပြောလို့ရတဲ့နေရာကို ပြပါဆိုရင် မြန်မာအစိုးရသစ်ရဲ့ နိုင်ငံတကာ ဆက်ဆံရေးစာမျက်နှာဖွင့်နေတဲ့အချက်ကိုထောက်ပြရမှာဖြစ်ပါတယ်။

အရင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ စစ်အစိုးရဟာ အထီးကျန်နေထိုင်ရေးနဲ့ ပြည်တွင်းအား ပြည်တွင်းမှာသာရှိတယ်ဆိုတဲ့ ကိုယ်ထူကိုယ်ထ ရပ်တည်ခဲ့တဲ့ အစိုးရဖြစ်ပါတယ်။ မြန်မာနိုင်ငံက လူ့အခွင့်အရေးအခြေအနေ ဒီမိုကရေစီအရေး စတဲ့အချက်တွေကို နိုင်ငံတကာက လုံခြုံရေးကောင်စီအထိ တင်ပြပြီး စိုးရိမ်ခဲ့တာတောင် နိုင်ငံတကာရဲ့ မျှော်လင့်ချက်နဲ့ သဘောထားတွေကို အလေးအနက် ထားခဲ့တာမရှိပါဘူး။

၁၉၈၈ စစ်တပ်ကအာဏာသိမ်းပြီးကတည်းက စစ်ခေါင်းဆောင်တွေဟာ သူတို့ကို အကာအကွယ်ပေးဖို့ မိတ်ဆွေနိုင်ငံတချို့ ရှိဖို့လိုတယ်၊ နိုင်ငံတကာ ဝေဖန်ရှုတ်ချတာတွေကို တန်ပြန်ချေပဖို့လိုတယ်ဆိုတာကို သဘောပေါက်ထားပြီးသားဖြစ်ပါတယ်။ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲအပြီးမှာတော့ နိုင်ငံတကာဝေဖန်တာတွေနဲ့ ရွေးကောက်ပွဲအပေါ် လျစ်လျူရှုထားတာတွေကို တန်ပြန်ချေပနိုင်ဖို့ မြန်မာစစ်အစိုးရဟာ အာဆီယံအဖွဲ့မှာ ပါဝင်ဖို့ စိတ်ဝင်စားခဲ့ပါတယ်။

ဒါပေမယ့် နောက်ပိုင်းမှာတော့ အာဆီယံအဖွဲ့ဝင်ဖြစ်လာတာဟာ အမြတ်ထွက်ဖို့ထက် စိတ်အနှောင့်အယှက်ဖြစ်ဖို့က ပိုများလာတယ်ဆိုတာကို သိလာခဲ့ကြပါတယ်။ အရင် စစ်ဗိုလ်ချုပ်ကြီးတွေဟာ လုံခြုံရေးအရ နိုင်ငံတကာမှာ အင်အားကြီးနိုင်ငံတခုရဲ့ လောင်းရိပ်ခိုမှ ဖြစ်မယ်ဆိုတာကို နောက်ပိုင်းမှ သဘောပေါက်ခဲ့ရာက တရုတ်ပြည်နဲ့ ရွှေလမ်းငွေလမ်း တိုးချဲ့ဖောက်လုပ်ခဲ့တာဖြစ်ပါတယ်။

၁၉၈၉ ခုနှစ်နောက်ပိုင်း မြန်မာနဲ့တရုတ်ဟာ ဒီမိုကရေစီဆန္ဒပြမှုတွေနဲ့ ကြုံခဲ့ရပြီး မြန်မာဟာ အရှေ့တောင်အာရှမှာ မဟာဗျူဟာအကျဆုံး မဟာမိတ် ဖြစ်လာမယ်ဆိုတာကို လွန်ခဲ့တဲ့ ၅ နှစ်လောက်ကတည်းက တရုတ်နိုင်ငံက သဘောပေါက်ခဲ့ပါတယ်။ အာဆီယံဒေသတွင်း အမေရိကန်သြဇာပြန့်နေတာကို တန်ပြန်ဖို့မြန်မာဟာ နောက်ဖေးတံခါးပေါက်ဖြစ်တယ်လို့လည်း တရုတ်က သဘောထားခဲ့ပါတယ်။

အိန္ဒိယသံတမန်တွေဆိုရင် မြန်မာ တရုတ် အိမ်နီးချင်းတွေ စစ်ရေးအရမှာပါ တအားနီးစပ်နေတာကို လူသိရှင်ကြားတမျိုး တိုးတိုးတိတ်တိတ်တမျိုး အထူးစိုးရိမ်ခဲ့ကြပါတယ်။ ဒီလို စိုးရိမ်ခဲ့ကြတာဟာ မကြာခင်က သမ္မတဦးသိန်းစိန် အိန္ဒိယကို ခရီးသွားရောက်ခဲ့တဲ့အချိန် အထိဖြစ်ပါတယ်။

အခုနောက်ပိုင်းဖြစ်လာတဲ့ သံရေး တမန်ရေး ဆောင်ရွက်ချက်တွေကြောင့် မြန်မာအစိုးရဟာ တရုတ်ကို အဓိကမိတ်ဆွေ နိုင်ငံများစာရင်းကနေ ဖယ်တော့မယ်လို့သုံးသပ်ရင် မဟာအမှားကြီး ဖြစ်သွားနိုင်ပါတယ်။ အရင်က အဓိကရန်သူဖြစ်တဲ့ အမေရိကန်နိုင်ငံနဲ့ ဆက်ဆံရေးလုပ်ဖို့ အထူးစိတ်အားထက်သန်နေတဲ့ သမ္မတဦးသိန်းစိန်ဟာ မြန်မာကို ထောက်ခံအားပေးတဲ့ မိတ်ဆွေနိုင်ငံများစာရင်းကို ချဲ့ထွင်လိုတာ သံသယရှိစရာမလိုပါဘူး။

ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးတာနဲ့ စီးပွားရေးမူဝါဒတွေ ပြောင်းလဲတာတွေဟာ တိုင်းပြည်အတွက် အမှန်တကယ်အကျိုးရှိတဲ့ ကိစ္စတွေဖြစ်ပါတယ်။ တချိန်တည်းမှာလည်း သမ္မတဖြစ်လာပြီးကတည်းက ဦးသိန်းစိန်ဟာ အာဆီယံအဖွဲ့နဲ့ ပိုပြီးနီးစပ်ဖို့ ကြိုးစားလာပါတယ်။ ဒါပေမယ့် အာဆီယံနိုင်ငံတွေဘက်ကတော့ ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန်ပေးရေးကိစ္စကိုတောင် ဆုံးဖြတ်ဖို့ ရက်ရွှေ့ထားပါတယ်။

အာဆီယံနိုင်ငံတွေရဲ့ အဓိကစိုးရိမ်မှုက နောင် ၃ နှစ်အတွင်းမှာ နေပြည်တော်မှာ ကျင်းပမယ့် အာဆီယံထိပ်သီးညီလာခံကို အမေရိကန်ခေါင်းဆောင်တွေ လက်ခံနိုင်ပါ့မလားဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိအနေအထားမှာ အမေရိကန်ရဲ့ မြန်မာအပေါ်ဆက်ဆံရေးဟာ အနေကျလာနေတဲ့သဘော ရှိပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် Derek Mitchell ဟာ မနေ့က မြန်မာနိုင်ငံကိုမကြေညာဘဲရောက်လာပြီး မြန်မာအစိုးရအရာရှိတွေနဲ့အတိုက်အခံ နိုင်ငံရေးခေါင်းဆောင်တွေကိုတွေ့ဆုံခဲ့ပါတယ်။ နဂိုကစီစဉ်ထားတဲ့ အပြန်မှာ ဂျပန်နိုင်ငံကိုဝင်မယ့် အစီအစဉ်တွေကို ဖျက်ပြီးတော့ ဝါရှင်တန်ဒီစီကို တန်းပြန်မယ့်အနေအထားလည်း ရှိနေပါတယ်။

တချိန်တည်းမှာလည်း အာဆီယံအလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးလည်း အခုတပတ်အကုန်မှာ မြန်မာပြည်ကို လာရောက်ဖို့ ရှိနေပါတယ်။ သေချာတာတခုကတော့ သမ္မတသစ်ဟာ အာဆီယံမှာဝင်ဆံ့ဖို့နဲ့ နိုင်ငံတကာအသိုင်းအဝိုင်းမှာ နေရာတခုရဖို့ အနောက်နိုင်ငံကြီးတချို့နဲ့နီးစပ်ဖို့ ကြိုးစားနေပါတယ်။

နော်ဝေဒနိုင်ငံခြားရေး ခရီးစဉ်အပြီး မကြာခင် ရက်သတ္တပတ် အနည်းငယ်အတွင်းမှာဘဲ နော်ဝေဖွံ့ဖြိုးရေး တိုးတက်ရေးဝန်ကြီးဟာလည်း အခုလမကုန်ခင် မြန်မာနိုင်ငံကို ရောက်ရှိဖို့ရှိနေပါတယ်။ ဒီလိုဆိုရင် တရုတ်နိုင်ငံကို မြန်မာက တကယ်ကျောခိုင်းလိုက်ပြီလားလို့ တွေးစရာရှိပါတယ်။ မြစ်ဆုံရေကာတာစီမံကိန်းကို ရပ်ဆိုင်းလိုက်တာဟာ ဘာဘဲပြောပြော တရုတ်အစိုးရကို အာခံလိုက်တာ အမှန်ဘဲဖြစ်ပါတယ်။

ဒါပေမယ့် ဒီအချက်ဟာ မြန်မာအစိုးရအတွက် တခုတည်းသော ရွေးချယ်မှုသာဖြစ်ပြီး အမျိုးသားအကျိုးစီးပွားနဲ့ ပြည်သူ့ဆန္ဒကို လိုက်လျောမယ်ဆိုရင် ဒီလိုဘဲ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ နောက်ဆုံးတော့ မြန်မာအစိုးရသစ်ဟာ ဒီမိုကရေစီလမ်းကြောင်းကို ရွေးချယ်လျှောက်လှမ်းလိုက်တာကို ဂုဏ်ယူတတ်လာတဲ့ သဘောရှိပါတယ်။

တချိန်တည်းမှာလည်း ဆွေးမျိုးပေါက်ဖော် ဆက်ဆံရေး မပျက်ဆီးဖို့ တရုတ်အစိုးရ သဘောပေါက်လက်ခံလာအောင် မြန်မာအစိုးရဟာ သံခင်း တမန်ခင်း လုပ်ဆောင်နေရပါတယ်။ မြန်မာနိုင်ငံခြားရေး

စာမျက်နှာ ၁၀ သို့

**အောက်တိုဘာ ၂၄ ။** RFA ။ ။ နိုင်ငံရေးအကျဉ်းသားများအား လာတွေ့သူ ဝေးလံဒေသများမှ လာသူများအား ထောင်ဝင်စာတွေ့ ချိန် ၁၅ မိနစ်သာပေးကြောင်း။

**အောက်တိုဘာ ၂၁ ။** Asahi ။ ။ ဂျပန်သည် မြန်မာအပေါ် အကူအညီဆောလျင်စွာပြန်စမည့်အစား စောင့်ကြည့်သင့်ကြောင်း Human Rights Watch (ဂျပန်) ၏ ဒါရိုက်တာ ရှေ့နေ Kanae Doi မှဆို၏။

**အောက်တိုဘာ ၂၃ ။** RFA ။ ။ သမတဟောင်း ကလင်တန်ဦးဆောင်သည့် Clinton Global Initiative (CGI) ဖေါင်ဒေးရှင်း လုပ်ငန်းဆောင်တာများ လေ့လာရန် ဦးသူရ (ဇာဂနာ) သည် အမေရိကန်သို့ သွားမည်။

**အောက်တိုဘာ ၂၄ ။** RFA ။ ။ ကိုဇာဂနာနှင့်အဖွဲ့သည် နိုင်ငံရေးအကျဉ်းသားများအား လှည့်လည်၍ ထောင်ဝင်စာတွေ့သော ပထမဦးဆုံးခရီးစဉ်အဖြစ် ယနေ့ပြည်မြို့အကျဉ်းထောင်သို့သွား၍ နိုင်ငံရေးအကျဉ်းသားများအတွက် ထောင်ဝင်စာယူခြင်းနှင့် ပစ္စည်းများပေးပို့ခဲ့ကြောင်း။

**အောက်တိုဘာ ၂၅ ။** World Politics Review ။ ။ မြန်မာတွင် တရုတ်၏ဩဇာကို ထိန်းကွပ်ရန် မြန်မာအစိုးရသည် အနောက်တိုင်းနှင့် တံခါးဖွင့်နေသည်ဟု သုံးသပ်သူများစွာမှမြင်၏။

**အောက်တိုဘာ ၂၅ ။** IRIN ။ ။ မယ်တော်ဆေးခန်း၊ ထိုင်း မြန်မာနယ်စပ် ဒုက္ခသည်စခန်းများတွင် သူနာပြု ကျောင်းဆရာစသည့်သူများ တတိယနိုင်ငံသို့ ခိုလှုံသဖြင့် လူစားများစွာ အစားထိုးနေရကြောင်း။

**အောက်တိုဘာ ၂၅ ။** Irrawaddy ။ ။ မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင် စသည့် အဆင့်မြင့် အစိုးရအရာရှိများနှင့်၎င်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့်၎င်း ဆွေးနွေးခဲ့သည့် အမေရိကန်၏ မြန်မာ့ရေးရာ ပဲ့ကိုင်သူ အထူးသံ Derek Mitchell သည် ဒုတိယအကြိမ် မြန်မာခရီးစဉ် ပြီးဆုံး၏။

**အောက်တိုဘာ ၂၅ ။** Mizzima ။ ။ သံဃာများ ဆန္ဒပြမှု မပြုလုပ်ရန် အဆိုကို လွှတ်တော်တွင် ကြံ့ဖွံ့ပါတီမှ တင်သွင်း၏။

**အောက်တိုဘာ ၂၅ ။** Mizzima ။ ။ မိမိမကျူးလွန်သော သံလျင် ရေနံချက်စက်ရုံပေါက်ခွဲမှုအတွက် သေဒဏ်အပေးခံခဲ့ရသော်လည်း ထောင် ၂၃ နှစ်တာကျပြီး ယခုနှစ် လွှတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လွှတ်လာသူ ညီညီဦး (အဲန်အဲလ်ဒီ)သည် မိမိအတွေ့အကြုံကို အင်တာဗျူးတွင် ဖြေကြား၏။

**အောက်တိုဘာ ၂၅ ။** WTN Post ။ ။ "ကြောက်ရွံ့ခြင်းမှ ကင်းဝေးခြင်း" သည် အခြားလွတ်လပ်မှုများသို့ လမ်းခင်းပေးသော အမိကသော့ကြီးဖြစ်ကြောင်း သူမအား မီချီကင် တက္ကသိုလ်မှ ယခုနှစ်အတွက် Raoul Wallenberg ဆုတံဆိပ် ချီးမြှင့်ပွဲတွင်ဆို၏။

**အောက်တိုဘာ ၂၅ ။** Women News Network, NAYPYIDAW ။ ။ စစ်တပ်၏ မုဒိမ်းမှုများကို အစိုးရမှ ငြင်းပယ်နေသော်လည်း အဓမ္မပြုကျင့်မှုများသည် လျော့မသွားသေးကြောင်း။ စစ်မုဒိမ်းမှုများကို မစုံစမ်း၊ တရားမစွဲ၊ ပြစ်ဒဏ်မပေးခြင်းများသည် မုဒိမ်းမှု အားပေးရာရောက်ကြောင်း။

**အောက်တိုဘာ ၂၅ ။** IRIN ။ ။ ဂျူလိုင်အထိ တနှစ်အတွင်း မြန်မာမှဒုက္ခသည် ၁၁,၂၀၀ ဦးခန့် အိုးအိမ်စွန့်ပြေး အချေမဲ့ ခဲ့ရကြောင်း Thai-Burma Consortium မှဆို၏။

**အောက်တိုဘာ ၂၅ ။** National Geographic ။ ။ လူ၊ သတ္တဝါများ၏ နေထိုင်မှုနှင့်သဘာဝကို ပြောင်းလဲစေမည့် မဲခေါင်နှင့်ဧရာဝတီမြစ်များတွင် ရေကာတာကြီးများဆောက်ခြင်းအပေါ် အာရှစသည့် နိုင်ငံများတွင် သဘောကွဲလွဲမှုများ ဖြစ်နေ၏။

**အောက်တိုဘာ ၂၅ ။** HydoWorld ။ ။ ၇၅ မီဂါဝပ် အားထုတ်နိုင်မည့် ရွှေကျင် ရေအားလျှပ်စစ်စက်ရုံသည် ရက်အနည်းငယ်မှစ၍ စတင်လည်ပတ်ခဲ့၏။

**အောက်တိုဘာ ၂၅ ။** DVB ။ ။ လွှတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွှတ်လာသူ အဲန်အဲလ်ဒီအတွက် လှုပ်ရှားသူ ကိုအောင်သန်းထွန်းသည် မိမိအား မတရားထောင်ချမှု မတရားအကြမ်းဖက်မှုများအတွက် အစိုးရ၏ လူ့အခွင့်အရေးအဖွဲ့ NHRC သို့ အထောက်အထားဖြင့် တိုင်တမ်းမည်ဟုဆို၏။

**အောက်တိုဘာ ၂၅ ။** DVB ။ ။ ပခုက္ကူစသည့် မြန်မာပြည်အလယ်ပိုင်းတွင် ရေကြီးမှုကြောင့် ဒုက္ခသည်များသည် အကူအညီ လုံလောက်စွာမရကြောင်း။

**အောက်တိုဘာ ၂၆ ။** AFP ။ ။ အမေရိကန်၏ မြန်မာဆိုင်ရာ အထူးသံ Derek Mitchel သည် မြန်မာသို့ ယခုအပတ်ထဲ နောက်တခေါက် ရုတ်တရက်ပြန်သွား၍ မလွှတ်သေးသည့် နိုင်ငံရေးအကျဉ်းသား ၁၈၀၀ ခန့် ကို လွှတ်ရန်တောင်းဆို၏။ ပြန်အလာတွင် မထုတ်ပြန်သေး။

**အောက်တိုဘာ ၂၆ ။** Times of Assam ။ ။ မြန်မာနယ်စပ်နေ အိန္ဒိယနိုင်ငံသားများသည် ဗီဇာမလိုဘဲ မြန်မာနိုင်ငံတွင်းသို့ ၁၆ မိုင်အထိ ခရီးသွားလာနိုင်ရန် မြန်မာအာဏာပိုင်များမှ သဘောတူဆုံးဖြတ်ခဲ့ကြောင်း၊

**အောက်တိုဘာ ၂၆ ။** Irrawaddy ။ ။ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး Marty Natalegawa သည် မြန်မာသို့ အချက်အလက်ရှာဖွေရေး ခရီးစဉ်ကို နောက်ဆုတ်ခဲ့ကြောင်း။ သို့သော် ရှေ့အပတ်တွင် မြန်မာသို့သွားဖြစ်မည်။

**အောက်တိုဘာ ၂၆ ။** Mizzima ။ ။ ရခိုင်ပြည်နယ် လွတ်မြောက်ရေးပါတီ ALP နှင့် ချင်းတိုင်းရင်းသားများတပ်ဦး CNF တို့သည် ဒုတိယပင်လုံညီလာခံကို ကြိုဆိုထောက်ခံကြောင်း။

**အောက်တိုဘာ ၂၆ ။** Mizzima ။ ။ နိုင်ငံတော်ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၃၄၇ လူတိုင်း တရားဥပဒေအရ သာတူညီမျှဖြစ်ခြင်းကို ကိုးကား၍ မိမိတို့အပေါ် ချမှတ်ထားသော ပြစ်ဒဏ်များအား ယုတ်သိမ်းရန် အင်းစိန်ထောင်ရှိ နိုင်ငံရေးအကျဉ်းသား ၁၅ ဦး ယနေ့မှစ အစာငတ်ခံဆန္ဒပြနေ၏။

**အောက်တိုဘာ ၂၆ ။** IRIN ။ ။ နိုင်ငံရေးအကျဉ်းသားအားလုံး မလွှတ်မချင်း မြန်မာအား အာဆီယံအလှည့်ကျ ဥက္ကဋ္ဌနေရာပေးရေး မစဉ်းစားရန် မြန်မာလူ့အခွင့်အရေးလှုပ်ရှားမှုကွန်ယက်အဖွဲ့ Burma Partnership မှ ဒေါ်ခင်ဥမ္မာမှတောင်းဆို၏။ အစိုးရသည် ပြည်သူ၏ နိုင်ငံရေးအခွင့်အရေးကို စတင်လေးစားရန်လိုကြောင်း ဦးဘိုကြည် ( AAPP) မှဆို၏။

**အောက်တိုဘာ ၂၆ ။** Asian Correspondent ။ ။ နိုင်ငံရေးအကျဉ်းသား ၁၇၀၀ ကျော် လွှတ်ရန်ကျန်နေသေးသည့် မြန်မာသည် အာဆီယံဥက္ကဋ္ဌနေရာအတွက် အရည်အသွေးမပြည့်သေး၊ မထိုက်တန်သေးကြောင်း။

**စာမျက်နှာ ၁၃ သို့**

# လုံခြုံရေးတင်းကျပ်ထားသည့် ရန်ကုန်မြို့တော်ခန်းမရှေ့တွင် ဗုံးတလုံးတွေ့ရှိ

**Mizzima ၊ အောက်တိုဘာ ၃၀ ။** ။ ရန်ကုန်မြို့၏ လုံခြုံရေးအတင်းကြပ်ဆုံးနေရာများတွင် တခုအပါအဝင်ဖြစ်သည့် မြို့တော်ခန်း မပရဝုဏ်အတွင်းခန်းမအဆောက်အအုံရှေ့မဟာဗန္ဓုလပန်းခြံဘက်အခြမ်းဆင်ဝင်အောက်တွင် တနင်္ဂနွေနေ့ ညနေပိုင်းက ဗုံးတလုံးတွေ့ရှိခဲ့သည်။ ဗုံးဖြစ်ကြောင်း စစ်ဆေးတွေ့ရှိပြီးနောက် ညနေ ၆ နာရီ ဝန်းကျင်ခန့်တွင် မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလလမ်းမကြီးကို ဆူးလေဘုရားထောင့်မှစတင်၍ ယာဉ်သွားလာခွင့်ရပ်ဆိုင်းပြီး ယူနီဖောင်းဝတ်ရဲများက နေရာယူပိတ်ဆို့ထားခဲ့သည်။

ဗုံးတွေ့ရှိသည့် သတင်းနှင့် လမ်းပိတ်ဆို့ထားသည့် သတင်းကြောင့် သွားရောက်သတင်းယူသည့် ပြည်တွင်းဂျာနယ်များမှ သတင်းသမားများကို ရဲအရာရှိအချို့က ဓါတ်ပုံရိုက်ကူးခွင့်တားမြစ်ခဲ့ကြောင်း သိရသည်။

"ဓါတ်ပုံမရိုက်ဖို့ လာပြောတယ်။ လုံခြုံရေးကိစ္စဖြစ်လို့ နားလည်ပေးဖို့ ဘာညာ ကောင်းကောင်းမွန်မွန်ပြောတာပါ။ နောက်ပိုင်း သတင်းထောက်တွေ တော်တော်လေးများလာတော့ အုပ်စုလိုက် ခပ်လှမ်းလှမ်းက ဓါတ်ပုံရိုက်တော့ လာမပြောတော့ဘူး။ "ဟု ပြည်တွင်းဂျာနယ် သတင်းထောက် တဦးက ပြောသည်။

ဗုံးတွေ့ရှိသည့် နေရာသည် သီးသန့် ယာဉ်ရပ်နားခွင့် ကတ်ထုတ်ပေးထားသည့် အရေးကြီးပုဂ္ဂိုလ်များ၏ ယာဉ်ရပ်နားရာ နေရာအနီးဖြစ်ပြီး ယူနီဖောင်းဝတ်ရဲများ အမြဲတစေ စောင့်ကြပ်နေသည့်နေရာဖြစ်သည်။ သီးခြား တရားဝင်အတည်ပြုချက် မရသော်လည်း အခင်းဖြစ်ပွားရာသို့ ရောက်ရှိနေသည့် သတင်းထောက်များ၏ ပြောဆိုချက်အရ အဆိုပါဗုံးအား ဖောက်ခွဲရှင်းလင်းပစ်ခဲ့သည်ဟု သိရသည်။

" ၇ နာရီ ၅ မိနစ်လောက်မှာ "ဘုန်း" ဆိုပြီး အဲ့ဒီနေရာကပဲ အသံထွက်လာတယ်။ စောင့်နေတဲ့ လူတွေကော ရဲတွေကော အားလုံးဝိုင်းကြည့်ကြတယ်။ အထဲနဲ့ အဆက်အသွယ်ရှိတဲ့ တယောက်က လှမ်းမေးတော့ ဗုံးကိုဖောက်ခွဲပစ်မှရမှာမို့ခွဲပစ်လိုက်ရတယ်ပြောတယ်။ အသံက တော်တော်လေးတော့ ကျယ်တယ်။ အဲ့အသံကြားပြီး သိပ်မကြာဘူး မြို့တော်ဝန်လဲ ပြန်သွားပြီလို့ သိရတယ်။" ဟု သွားရောက်သတင်းယူခဲ့သူ သတင်းထောက် က ဆိုသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံးအခြေစိုက်ရာ မြို့တော်ခန်းမအတွင်းသို့ ကိစ္စအသီးသီးဖြင့် ဝင်ရောက်မည့်သူများအနေဖြင့် မှတ်ပုံတင် (သို့) အထောက်အထားကတ်တခု ပြသရန်လိုပြီး အမျိုးသမီးလက်ကိုင်အိတ်အပါအဝင် မည်သည့် အိတ်မျိုးမှ ယူဆောင်ခွင့်မရှိသလို ရှာဖွေရေးစက်များကိုလဲ ဖြတ်သန်းရသည်။

နောက်ဆက်တွဲ ထပ်မံကြားသိရသည့် သတင်းများအရ ည ၉ နာရီ ၁၂ မိနစ်အချိန်တွင် မြို့တော်ခန်းမအနီးမှ ကျယ်လောင်သည့် ပေါက်ကွဲသံတခုထပ်မံထွက်ပေါ်လာကြောင်းသိရပြီးမဟာဗန္ဓုလလမ်းမအား ပိတ်ပင်ထားဆဲဖြစ်ကြောင်း သိရသည်။

# အားလုံးဆန္ဒအတိုင်း ဆုံးဖြတ်မည်

**RFA ၊ အောက်တိုဘာ ၃၀ ။** ။ ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံ အာစီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူရေးနဲ့ပတ်သက်ပြီး အာစီယံခေါင်းဆောင်တွေအနေနဲ့ မြန်မာနိုင်ငံသားတွေအပါအဝင် အာစီယံပြည်သူတွေအားလုံးအတွက် အကောင်းဆုံးဖြစ်မယ့် ဆုံးဖြတ်ချက်ကို ချမှတ်နိုင်လိမ့်မယ်လို့ မိမိတို့ယုံကြည်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့က မနေ့က ပြောဆို လိုက်ပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး မာတီ နာတာလီဂါဝါတို့ဟာ မနေ့က ည ၇ နာရီ ကနေ ၈ နာရီအထိ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်မှာတွေ့ဆုံဆွေးနွေးခဲ့ကြတာပါ။

ဆွေးနွေးပွဲအပြီး အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်တွေကို ပြောဆိုခဲ့တာနဲ့ ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဟန်သာမြင့်က - ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံက အာစီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူရေးကိစ္စပြောဆိုဖြစ်တယ်လို့ အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်တွေကို ပြောဆိုခဲ့ကြောင်း၊ တခြား ဘာမှမပြောဆိုကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့လည်း ဒီကိစ္စနဲ့ ပတ်သက်ပြီး အာစီယံခေါင်းဆောင်တွေက မြန်မာနဲ့အာစီယံပြည်သူတွေ လက်ခံနိုင်မယ့် ဆုံးဖြတ်ချက်မျိုး ချမှတ်နိုင်လိမ့်မယ်လို့ယုံကြည်ကြောင်းပြောဆိုခဲ့တယ်လို့ နာတာလီဂါဝါကဆိုကြောင်း ဦးဟန်သာမြင့်က RFA ကို ပြောပါတယ်။

လာမယ့် နိုဝင်ဘာလ ၁၄ ရက်ကနေ ၁၉ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာ အာစီယံထိပ်သီးအစည်းအဝေးကျင်းပဖို့ ရှိပါတယ်။ ၂၀၁၄ ခုနှစ်အတွက် အလှည့်ကျဥက္ကဋ္ဌတာဝန်ယူလိုကြောင်း မြန်မာနိုင်ငံက တင်ပြထားတာကို အဲဒီအစည်းအဝေးမှာ ဆုံးဖြတ်လိမ့်မယ်လို့ ပြောဆိုနေကြပါတယ်။ အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဟာ မြန်မာနိုင်ငံကို ၃ ရက်ကြာ ရောက်ရှိခဲ့ပြီး မြန်မာအစိုးရအပြင် နိုင်ငံရေးအဖွဲ့အစည်းတွေ၊ လူမှုရေးအဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးပြီးမြန်မာနိုင်ငံရဲ့ဖြစ်ပေါ် ပြောင်းလဲမှုတွေကို လေ့လာခဲ့တယ်လို့ဆိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးအပြီးမှာ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဟာ မနေ့က ည ၉ နာရီခွဲကလည်း ရန်ကုန်မြို့က ဆီဒိုးနားဟိုတယ်မှာ သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့ပါတယ်။

**စာမျက်နှာ ၈ မှ**

ဝန်ကြီးဟာ မြစ်ဆုံစီမံကိန်းရပ်ပြီးပြီးချင်း တရုတ်ပြည်ကို သွားရောက်ခဲ့ပြီး အခု ဒုတိယသမတ ဦးတင်အောင်မြင့်ဦးဟာလည်း တရုတ်နိုင်ငံကို သွားရောက် ကတိကဝတ်တွေ ပြုခဲ့ပြန်ပါတယ်။

နိဂုံးချုပ်ရရင် မြန်မာအစိုးရဟာ မိတ်ဆွေနိုင်ငံများစာရင်းကနေ တရုတ်ကို နေရာရွှေ့ အစားထိုးဖို့ ဝေးလွန်းတာကို တွေ့ရပါတယ်။ မြန်မာအစိုးရဟာ နိုင်ငံရေးတခုတည်းကို အလွန်ကျုံ့မှီခိုအားထားနေရတဲ့အဖြစ်ကို မလိုလားတော့ဘဲ တခြားအိမ်နီးချင်းနိုင်ငံတွေနဲ့ အနောက်နိုင်ငံတွေနဲ့ပါ ဆက်ဆံရေးကောင်းဖို့ ကြိုးစားလာနေပါတယ်။

ဒီလို သံခင်း တမန်ခင်း ဆောင်ရွက်ချက်တွေကြောင့် ဦးနေဝင်းလက်ထက်က ဘက်မလိုက် ကြားနေမဟာဗျူဟာချမှတ်ခဲ့တာကို သတိရစေပါတယ်။ ဒီကြားနေမူဝါဒဟာ မြန်မာအစိုးရသစ်လုပ်နေတဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် အထူး အထောက်အကူဖြစ်စေနိုင်ပါတယ်လို့လည်း ဆောင်းပါးရှင် Larry Jagan က ရေးသားသုံးသပ်ထားပါတယ်။



# သတင်းတိုထွာဖတ်စရာ

## ၈၈ မျိုးဆက်များနဲ့စကားပြောချင်

အာဆီယံဥက္ကဋ္ဌရာထူးနဲ့သင့်မသင့် သမတဦးသိန်းစိန်ကို အင်တာဗျူးလုပ်စစ်ဆေးမည့် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး Marty Natalegawa က သူ မြန်မာပြည်ရောက်ခိုက် သမတအင်တာဗျူးပြီးရင် မကြာခင်ကမှထောင်က ပြန်လွတ်လာတဲ့ ၈၈ မျိုးဆက်ကျောင်းသားများနဲ့လည်း တွေ့ဆုံစကားပြောချင်ကြောင်း တောင်းဆိုပါတယ်။ ကျန်တဲ့ ၈၈ မျိုးဆက်တွေကိုလည်း လွှတ်ပေးဖို့ တောင်းဆိုထားတယ်လို့ သတင်းကဆိုပါတယ်။ ဒါပေမယ့် သမတမှ အကြောင်းပြန်ခြင်းမရှိသေးကြောင်း။( RFA,Oct 28 ,2011)

## အရက်မူးသမားများသောင်းကြမ်း

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော်ကြီး၏ မျက်နှာစာ သံသုမာလမ်းမကြီး (၇) ရပ်ကွက်အခြမ်းတွင် အရက်ရောင်းချသော ဆိုင်များသည်၊ ဘုရားမျက်နှာစာနှင့် လုံးဝအပ်စပ်မှုမရှိပါဘူး၊ သောက်စားမူးယစ် ရမ်းကားခြင်း၊ အော်ဟစ် ဆူညံရန်ဖြစ်ခြင်းတို့ကြောင့် ကျောင်းသွား ကျောင်းပြန်၊ ရုံးတက်ရုံးဆင်းနဲ့လမ်းသွား လမ်းလာများ အနှောင့်အယှက်ဖြစ်နေလို့ သက်ဆိုင်ရာမှအရေးယူဆောင်ရွက်ပေးပါဖို့တင်ပြပါသည်၊ ( VOB,Oct 25 ,2011)

## ဦးသိန်းစိန်ကို ဆန္ဒပြ

ဦးသိန်းစိန်တက်လာပြီး ပထမဆုံးအကြိမ် ဆန္ဒပြပွဲဖြစ်ခဲ့ပါပြီ။ သူတို့လယ်ယာတွေကို အဓမ္မသိမ်းဆီးထားတာကို ပြန်လည်ပေးဖို့ တောင်သူလယ်သမားတွေက ဆန္ဒပြတောင်းဆိုတာဖြစ်ပါတယ်။ လျော်ကြေးမလို လယ်ကိုသာ ပြန်ပေးပါလို့ ရန်ကုန်မြို့တော်ခမ်းမရှေ့မှာ ရိုးရိုးတောင်းဆိုတာပါ။ ရန်ကုန်မြို့နယ်အတွင်း လယ်သမား ၆၀ ကျော်ပါဝင်ဆန္ဒပြခဲ့ကြတာပါ။ ဒီဆန္ဒပြပွဲကို ရှေ့နေဦးပိုးဖြူက ဦးဆောင်တယ်လို့ဆိုပါတယ်။( Reuters,Oct 27 ,2011)

## စစ်တပ်က ဓားပြတိုက်

ဦးသိန်းစိန်အစိုးရရဲ့ စစ်တပ်က ဗိုလ်မှူးစိုးကျော်သူဦးဆောင်ပြီး နမ်အွမ်ကျေးရွာမှ မုဆိုးမ နန်းခမ်းရဲ့အိမ်ကို ဝင်ရောက်ဓားပြတိုက်သွားတယ်လို့ဆိုပါတယ်။ ကလောအခြေစိုက် တပ်ရင်း ၅၅ လက်အောက် ခမရ ၅၁၂ ဟာ မူဆယ်မန္တလေးလမ်းပေါ်က နမ်အွမ်ရွာ မုဆိုးမအိမ်ကို ဓါးပြတိုက်တာဖြစ်ပါတယ်။ ငွေကျပ် ၁၀ သိန်း ပါသွားတယ်လို့ဆိုပါတယ်။ မိခင်မရှိခိုက် သားငယ်ကို ဓားမနဲ့ချိန်ရွယ် ရိုက်နှက်ပြီး ငွေရှိတဲ့နေရာကို ပြခိုင်းတယ်လို့ဆိုပါတယ်။ သမတဦးသိန်းစိန် မသိနိုင်ဟု ယူဆသည်။( KIC,Oct 20 ,2011)

## အထူးကိုယ်စားလှယ်ရုတ်တရက် ရန်ကုန်ရောက်

မြန်မာဒီမိုကရေစီပြောင်းလဲရေး အဓိကတာဝန်ပေးထားတဲ့ အမေရိကန်သံအရာရှိကိုယ်စားလှယ် Derek Mitchell ဟာ မြန်မာနိုင်ငံကိုဒုတိယအကြိမ်အဖြစ် ရုတ်တရက် ရောက်ရှိလာပါတယ်။ နိုင်ငံရေးအကျဉ်းသား ၂၀၀ ကျော်သားလွှတ်ပေးတဲ့အပေါ် အားမလိုအားမရဖြစ်တဲ့အကြောင်း အစိုးရကို ပြောဆိုဖွယ်ရှိတယ်လို့ သုံးသပ်သူတွေက ဆိုပါတယ်။ ကျန်တဲ့ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးဖို့ ပြောဆိုဖွယ်ရှိတယ်လို့ မျှော်လင့်သူတွေ ရှိနေတယ်လို့ သတင်းကဆိုပါတယ်။ ( The Wall Street Journal,Oct 25 ,2011)

## ဂျပန်အစိုးရ နည်းလမ်းပြောင်းသင့်

ဗျူရိုကရက်နဲ့ ကုမ္ပဏီသူဌေးတွေရဲ့အကြံပေးတိုက်တွန်းသလို ဂျပန်အစိုးရအနေနဲ့ မြန်မာနိုင်ငံအပေါ် အထောက်အပံ့တွေပြန်ပေးဖို့၊ ရင်းနှီးမြှုပ်နှံမှုတွေတိုးလုပ်ရေး၊ အထူးသဖြင့် သဘာဝအရင်းအနှီးတွေမှာ ရင်းနှီးဖို့ဆိုတာတွေကို ပြန်သုံးသပ်ဖို့လိုပါတယ်။ ဒီလိုနည်းတွေနဲ့ မြန်မာအစိုးရကို နှစ်တွေကြားမြင့်စွာ ချဉ်းကပ်ခဲ့ပေးမယ့် မထိရောက်ခဲ့ဘူးဆိုတာ သိဖို့လိုပါတယ်။ ဂျပန်အစိုးရအနေနဲ့ ပကတိလူ့အခွင့်အရေးတွေကို သုံးသပ်မယ်လို့ပြောဆိုခဲ့တဲ့အတိုင်း မြန်မာအစိုးရအပေါ် အထူးအလေးထား ဆက်ဆံသင့်တယ်လို့လည်း သတင်းကဆိုပါတယ်။ ( Asahi Shimbun,Oct 21 ,2011)

## လူမှောင်ခိုကူးမှု

၉ နှစ်သားကလေးတယောက်အပါအဝင် တရားမဝင် မြန်မာလူမျိုးများ တရားမဝင်လူမှောင်ခိုကူးမှုနဲ့ ၁၅ နှစ်အရွယ်ကျောင်းသားတယောက်ကို မလေးရှားအစိုးရတရားရုံးက ပစ်ဒဏ်ချမှတ်လိုက်ပါတယ်။ ဒီကျောင်းသားဟာကျောင်းထုတ်ခံရသူဖြစ်ပြီး အောက်တိုဘာ ၁၉ ရက်နေ့က ကင်းလှဲ ရဲတွေက ဖမ်းဆီးမိလိုက်တာဖြစ်ပါတယ်။ မလေးပိုက်ဆံ ၁၅၀၀ အာမခံနဲ့ လွှတ်လိုက်ပြီး ဒီဇင်ဘာ ၇ ရက်နေ့ ပစ်ဒဏ်ချမှတ်ဖို့ ရက်ချိန်းပေးလိုက်တယ်လို့သတင်းက ဆိုပါတယ်။ ( New Straits Times,Oct 25 ,2011)

## ရေဘေးဒုက္ခသည်များကို ကူညီမည်

ထိုင်း မြန်မာနဲ့ ကမ္ဘောဒီးယားနိုင်ငံတွေမှာ ဖြစ်ပွားနေတဲ့ ရေကြီးမှုတွေကြောင့် ပျက်စီးဆုံးရှုံးရတာတွေအတွက် မလေးရှားအစိုးရက အရေးပေါ်အကူအညီများပေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ရေကြီး ရေလျှံဖြစ်လို့ ထိုင်းနိုင်ငံမှာ လူပေါင်း ၃၇၃ ယောက်သေဆုံးခဲ့ရပြီး၊ မြန်မာမှာ ၁၀၀ ကျော် နဲ့ ကမ္ဘောဒီးယားမှာ ၂၄၇ ယောက်သေဆုံးခဲ့ကြရပါပြီ။ မလေးရှားအစိုးရမှာ လိုအပ်တဲ့ ယာယီတဲနေအိမ်တွေ လျပ်စစ်မီးအတွက် မီးစက်တွေနဲ့ ရေသန့်အလုံအလောက်ပေးပို့သွားမယ်လို့ဆိုပါတယ်။( Bernama,Oct 28 ,2011)

# အရှင်ဂမ္ဘီရအား လူ့အခွင့်ရေးကော်မရှင်က စဉ်းစားပေးဖို့ သမတသိန်းစိန်ထံ စာပို့

**VOA ၊ အောက်တိုဘာ ၂၅ ။** ။ ရွှေဝါရောင်သံဃာလှုပ်ရှားမှုမှာ ဦးဆောင်ပါဝင်လို့ ဖမ်းဆီးထောင်ချခံခဲ့ရတဲ့ အရှင်ဂမ္ဘီရရဲ့ ကျန်းမာရေးအခြေအနေဆိုးဝါးနေတာကြောင့်ဆိုပြီး အရှင်ဂမ္ဘီရကို ဖမ်းဆီးထားမှုနဲ့ ပတ်သက်လို့ လူသားချင်း စာနာမှုထား စဉ်းစားပေးဖို့ AHRC အာရှလူ့အခွင့်အရေးကော်မရှင်က မြန်မာအစိုးရ သမ္မတဦးသိန်းစိန်ထံ လိပ်မူစာပေးပို့လိုက်ပါတယ်။

အရှင်ဂမ္ဘီရဟာ ပြီးခဲ့တဲ့ကာလက ရိုက်နှက်ခံခဲ့ရတဲ့ ဒဏ်ရာဒဏ်ချက်တွေကြောင့် ရာသီဥတုကြမ်းတဲ့ ကလေးထောင်မှာ စိတ်ရောကိုယ်ပါ ချို့တဲ့ဆင်းရဲမှု ဖြစ်နေတယ်လို့ AHRC ရဲ့စာမှာ ဖော်ပြထားပါတယ်။ အရှင်ဂမ္ဘီရရဲ့ စိတ်ပိုင်းရော ရုပ်ပိုင်းကျန်းမာရေးပါ စိုးရိမ်စရာအခြေအနေရှိနေပြီး ဝေးလံခေါင်သီပြီး ရာသီဥတုကြမ်းတမ်းတဲ့ကလေးအကျဉ်းထောင်မှာရှိနေတာကြောင့်ပိုပြီးစိုးရိမ်စရာရှိတယ်လို့ AHRC ရဲ့ စာမှာဖော်ပြပါတယ်။ ဒါကြောင့်အချိန်ဆိုင်းမနေဘဲ အရှင်ဂမ္ဘီရကို အမြန်ဆုံးပြန်လွှတ်ပေးဖို့လိုတယ် လို့ AHRC အမှုဆောင်ညွှန်ကြားရေးမှူး Wong Kai Shing က သမ္မတ ဦးသိန်းစိန်ထံကို စာရေးသားထားပါတယ်။

ဒီစာကိုတော့ သမ္မတဦးသိန်းစိန်အပြင် နေပြည်တော်က တရားသူကြီးချုပ် ပြည်ထဲရေးဝန်ကြီးတို့ကိုလည်း ပေးပို့ထားပါတယ်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အိုင်စီအာစီနဲ့ ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ်ထံတွေကိုလည်း လိပ်မူထားပါတယ်။ အခု ကျန်းမာရေးအခြေအနေအောက်မှာ အရှင်ဂမ္ဘီရဟာ ထိထိရောက်ရောက် ဆေးဝါးကုသခွင့်လည်းမရဘူးလို့ AHRC ရဲ့မြန်မာရေးရာ ဦးမင်းလွင်ဦးက ပြောပါတယ်။

"ခန္တီးအကျဉ်းထောင်အတွင်းမှာ အကျဉ်းကျနေစဉ်ကာလအတွင်းတုန်းက တလနီးပါးလောက် နေ့စဉ်ရက်ဆက်ဆိုသလို အရှင်ဂမ္ဘီရကို နှိပ်စက်ညှဉ်းပန်းခဲ့တာတွေရှိတယ်။ ဦးခေါင်းကိုရိုက်တယ်။ ကျောကုန်းကို ရိုက်နှက်ခဲ့တာတွေရှိတယ်။

အဲဒီဒဏ်တွေကြောင့် အရှင်ဂမ္ဘီရက ကလေးအကျဉ်းထောင်ကို ပြောင်းရတဲ့အခါမှာ အနာဟောင်းတွေ ပြန်ပေါ်တာရယ်၊ ရာသီဥတု ဒဏ်ကြောင့်ရယ်၊ ကျန်းမာရေး တော်တော် ဆိုးဆိုးဝါးဝါး ချို့တဲ့လာတယ်လို့ ကျနော်တို့ သိရပါတယ်၊ ဦးခေါင်းကို ရိုက်နှက်ခြင်းခံခဲ့ရတဲ့အတွက် တခါတရံမှာ မခံမရပ်နိုင်အောင် အော်ဟစ်ညည်းတွားတဲ့အခြေအနေအထိ ရောက်နေတယ်လို့ ကျနော်တို့ သိရတယ်"

တလောကပဲ သမ္မတဦးသိန်းစိန်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ ကျန်းမာရေး မကောင်းမွန်သူတွေကို အချက်တချက်အနေနဲ့ စီစစ်လွှတ်ပေးခဲ့တယ်ဆိုပေမယ့် အရှင်ဂမ္ဘီရဟာ ဒီအထဲ မပါလာခဲ့ပါဘူး။ ရွှေဝါရောင်လှုပ်ရှားမှုရဲ့ ဦးဆောင်သံဃာတပါး ဖြစ်တာကြောင့် မလွှတ်ဘဲထားခဲ့တယ်လို့ ဦးမင်းလွင်ဦးက ယူဆပါတယ်။

"ကျန်းမာရေး ချို့တဲ့တဲ့သူတွေ လွှတ်တယ်ဆိုပေမဲ့ အရှင်ဂမ္ဘီရကို မလွှတ်တာတော့ တမျိုး ကျနော်တို့ စဉ်းစားရမှာပေါ့လေ။ ဘာဖြစ်လို့လဲဆိုတော့ ၂၀၀၇ ရွှေဝါရောင် သံဃာတွေ စီတန်းလှည့်လည်တဲ့အခါမှာ ဦးဆောင်သံဃာဖြစ်တဲ့အတွက် မလွှတ်တာလားဆိုတာကိုလည်း ကျနော်တို့ စဉ်းစားဖို့လိုပါတယ်။ ပြီးတော့ တခါ ဒီလိုမျိုးအခြေအနေမှာ လွှတ်ဖို့မသင့်သေးဘူးလို့ ယူဆပြီးတော့ မလွှတ်တာလည်းဖြစ်နိုင်ပါတယ်။ "

အရှင်ဂမ္ဘီရဟာ ရွှေဝါရောင်သံဃာလှုပ်ရှားမှုဖြစ်အောင်လှုံ့ဆော်ကြိုးပမ်းခဲ့တဲ့သံဃာ့တပ်ပေါင်းစုရဲ့ ဦးဆောင်ကိုယ်တော်တပါးဖြစ်ပါတယ်။ ရွှေဝါရောင်လှုပ်ရှားမှုကိုမြန်မာအစိုးရက အကြမ်းဖက်နှိပ်ကွပ်ပြီးတဲ့နောက်တော့ ပုန်းအောင်းနေတဲ့နေရာမှာ အဖမ်းခံခဲ့ရတာဖြစ်ပါတယ်။ ထောင်ဒဏ် ၆၈ နှစ် ချမှတ်ခံခဲ့ရပြီး မန္တလေးထောင်၊ ခန္တီးထောင်၊ နောက် ကလေးထောင်၊ အဆင့်ဆင့် ထောင်တွေပြောင်းရွှေ့ခံခဲ့ရပါတယ်။ မြန်မာအာဏာပိုင်တွေဘက်ကတော့ သမ္မတဦးသိန်းစိန်အနေနဲ့ ဖွဲ့စည်းပုံမှာပြဋ္ဌာန်းထားတဲ့အတိုင်း နောက်ထပ် လွတ်ငြိမ်းချမ်းသာခွင့်ပေးကောင်း ပေးနိုင်ပါတယ်လို့ ပြောနေတုန်းပါ။ နောက်ထပ် နိုင်ငံရေးအကျဉ်းသားတွေ မကြာခင် ထပ်လွတ်လာဦးမယ်လို့လည်းသတင်းတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေပါတယ်။

# နိုင်ငံရေးအကျဉ်းကျများ ကိုဇာဂနာတွေ့

**Mizzima ၊ အောက်တိုဘာ ၂၅ ။** ။ ပဲခူးတိုင်းအတွင်းရှိပြည်၊ ပေါင်းတည်၊ သာယာဝတီ အကျဉ်းထောင်များရှိ နိုင်ငံရေးအကျဉ်းသားများထံ တနင်္လာနေ့က ထောင်ဝင်စာများ ကိုယ်တိုင် လိုက်လံပေးပို့ခဲ့ရာ သက်ဆိုင်ရာထောင်အာဏာပိုင်များက လိုက်လှဲစွာကူညီခဲ့ကြောင်း လူရွှင်တော် ဇာဂနာက ပြောသည်။

သာယာဝတီထောင်ရှိ နိုင်ငံရေးအကျဉ်းသား ၃၄ ဦး၊ ပေါင်းတည်ထောင်မှ တဦး၊ ပြည်ထောင်မှ လေးဦးတို့အတွက် အနုပညာရှင်များမှ လှူဒါန်းသည့် အစားအစာ၊ ဆေးဝါး၊ ဂျာနယ် မဂ္ဂဇင်းများနှင့် ငွေသားတို့ကို ထောင်ဝင်စာ ပို့ပေးခဲ့သည်။

"အင်မတန် ဝမ်းသာစရာကောင်းတာတခုက ထောင်ဘက်ကလူတွေက ဝမ်းပန်းတသာနဲ့ လိုက်လိုက်လှဲလှဲကြိုတယ်။ ကျနော်တို့ပေးတဲ့ပစ္စည်းတွေ အားလုံးကိုလည်း လက်ခံပြီးပို့တယ်၊ ရကြောင်းလည်း ကျနော်တို့ကို လက်မှတ်တွေပြန်ပြပါတယ်။ အခုလို ကူညီတာတွေရတာ အားလုံးကိုယ်စား အလွန်ပဲ ကျေးဇူးတင်မိပါတယ်" ဟု ဇာဂနာက ပြောသည်။

ဇာဂနာသည် အောက်တိုဘာလ ၁၂ ရက်နေ့တွင် ထောင်မှ လွတ်မြောက်လာပြီးနောက် ထောင်ဝင်စာများ ကိုယ်တိုင် လိုက်လံပေးပို့ခဲ့သည့် ပထမဆုံးခရီးစဉ်ဖြစ်ပြီး ဇာဂနာနှင့်အတူ ဂေါ်ဇီလာ၊ စိန်သီး၊ ဇီးသီးတို့လည်း လိုက်ပါခဲ့သည်။ တောင်ငူ၊ မုံရွာ၊ လွိုင်ကော်၊ ကျောက်ဖြူထောင်များရှိ နိုင်ငံရေးအကျဉ်းသားများအတွက် ထောင်ဝင်စာ ပစ္စည်းများကို လူကြုံနှင့် ပေးပို့ခဲ့သေးသည်။

အနုပညာရှင်များဖြစ်သော ဇင်ဝိုင်း၊ မင်းမော်ကွန်း၊ ကျားပေါက် (ဟန်ထူးလွင်)၊ ထွန်းအိန္ဒြာဗိုလ်၊ မေတ္တာ၊ ကင်းကောင်၊ အရိုင်း၊ ဒါရိုက်တာ မင်းထင်ကိုကိုကြီး၊ ဂေါ်ဇီလာ၊ စိန်သီး၊ ဇီးသီးတို့မှ ထောင်ဝင်စာပစ္စည်းများ ထည့်ဝင်လှူဒါန်းခဲ့သည်ဟု ဆိုသည်။

နယ်ခရီးသို့ ၈၈ မျိုးဆက်ကျောင်းသား ကိုမျိုးရန်နောင်သိန်း နှင့်အတူသွားရောက်ခဲ့ပြီး လူမှုရေးလုပ်ငန်းများတွင် ပါဝင်လှုပ်ရှားသည့် ဒေသခံ လူငယ်ကွန်ယက်အဖွဲ့ဝင်များ၊ ဒေသခံလယ်သမား၊ အလုပ်သမား၊ ကျောင်းသားကျောင်းသူများ၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ဝင်များနှင့်လည်း တွေ့ဆုံခဲ့သည်။

ထောင်သုံးခု ဆက်တိုက်သွားရောက်ခဲ့ပြီးနောက် ခရီးဆုံး ပြည်မြို့၌ "နိုင်ငံရေး အကျဉ်းသားအားလုံး လွတ်မြောက်ရေး" အတွက်ရောဝတီမြစ်အတွင်း တနင်္လာညက မီးမျှောပွဲ ပြုလုပ်ခဲ့သေးသည်။

**ပြကွဒိန်မှ**

**အောက်တိုဘာ ၂၆ ၊** Straits Times ။ ။ မြန်မာအပေါ် ပိတ်ပင်ကန့်သတ်မှုများကို ယုတ်သိမ်းစေမှုကို လက်ခံနိုင်ရန် မိမိအနေဖြင့် ပြောင်းလဲမှုများ ထပ်မြင်လိုကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ Wall Street Journel နှင့် အင်တာဗျူးတွင်ဆို၏။

**အောက်တိုဘာ ၂၆ ၊** The Age ။ ။ ခိုလှုံသူဒုက္ခသည် မြန်မာများ ဩစတြေးလျားသို့ ထူးခြားစွာ လေဖြင့် ရောက်လာကြောင်း။

**အောက်တိုဘာ ၂၆ ၊** BKK ။ ။ ဘန်ကောက်မြို့သူမြို့သား အထူးသဖြင့် ဒုံမောင်းလေဆိပ်အနီးဒေသမှ သောင်းချီ၍ ဘန်ကောက်ထက်မြင့်သော နေရာများသို့ ရရာယာဉ်များဖြင့် ပြေးရှောင်နေကြ၏။

**အောက်တိုဘာ ၂၆ ၊** Mizzima ။ ။ ထိုင်းတွင် အခြေစိုက်လှုပ်ရှားနေသော Burma VJ သည် မြန်မာတွင် လူ့အခွင့်အရေးဖောက်ဖျက်မှု သတင်းမှတ်တမ်းများကို ကမ္ဘာ့သတင်း ဌာနများသို့ ဆက်ပို့နေမည်ဟုဆို၏။

**အောက်တိုဘာ ၂၇ ၊** Mizzima ။ ။ စောရွှေသိုက်၏သား ရန်ကုန်သို့ ပြန်ရောက်နေသော ဦး Harn Yawngshwe သည် ငြိမ်းချမ်းရေးအတွက် ဒေါ်အောင်ဆန်းစုကြည်နှင့်ငြင်း လွှတ်တော်အမတ်များနှင့်ဆွေးနွေးမည်။

**အောက်တိုဘာ ၂၇ ၊** DVB ။ ။ စာရွက်စာတမ်းမဲ့ ထိုင်းရှိ နိုင်ငံခြားလုပ်သားများ ရေကြီးမှုကြောင့် ခိုလှုံစခန်းများတွင် တည်းနေခွင့်ရပြီး ပြည်တော်ပြန်နိုင်ရန် ဆောင်ရွက်ပေးရန် စီစဉ်နေကြောင်း ထိုင်းအလုပ်သမားဝန်ကြီးမှဆို၏။

**အောက်တိုဘာ ၂၇ ၊** Mizzima ။ ။ အောက်လွှတ်တော်သည် အကျဉ်းကျဖူးသူများ ပါတီဝင် မဖြစ်ရဟူသည့် ကန့်သတ်ချက်အပါအဝင်၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေမှ အချက်သုံးချက်ကို ပြင်ဆင်သည့် မူကြမ်းကို သဘောတူအတည်ပြုခဲ့ကြောင်း။

**အောက်တိုဘာ ၂၇ ၊** WSJ ။ ။ မြန်မာတွင် ရေကြီးမှုသည် ထိုင်းနိုင်ငံစသည်တို့လောက် မဆိုးသော်လည်း ကိုင်တွယ်မှုလွတ်လပ်မှု၊ တတ်နိုင်မှုနှင့် ကျွမ်းကျင်မှု၊ နှောင့် နှေးမထိရောက်၍ မြန်မာအား စောင့်ကြည့်သင့်၏။

**အောက်တိုဘာ ၂၇ ၊** Irrawaddy ။ ။ မြစ်ဆုံဆည်မှ တရုတ်အင်ဂျင်နီယာနှင့်လုပ်သားများ ပြည်တော်ပြန်ကုန်ကြသော်လည်း တရုတ်သည် လုပ်ငန်းပြန်စရန် မျှော်လင့်နေ၏။

**အောက်တိုဘာ ၂၇ ၊** Irrawaddy ။ ။ KNU နှင့် SSA (S) တို့သည် မြန်မာအစိုးရနှင့် သီးခြားစီ ဆွေးနွေးရန် ပြင်ဆင်နေကြောင်း နီးစပ်သူများမှ ဆို၏။

**အောက်တိုဘာ ၂၇ ၊** Mizzima ။ ။ ဒီမိုကရေစီမရှိလျှင် မငြိမ်းချမ်းနိုင်၊ မငြိမ်းချမ်းလျှင် ဒီမိုကရေစီမရှိနိုင်ဟု ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်နိုင်ငံ Michigan တက္ကသိုလ်သို့ ဗွီဒီယိုနှုတ်ခွန်းမှ ဆို၏။

**အောက်တိုဘာ ၂၇ ၊** DVB ။ ။ အပစ်အခတ်ရပ်စဲရေးသဘောတူချက်ကို တပ်ပေါင်းစုအနေဖြင့်သာ ဆွေးနွေးမည်ဟု တိုင်းရင်းလူမျိုးများပြည်ထောင်စုကောင်စီ UNFC မှဆို၏။

**အောက်တိုဘာ ၂၇ ၊** DVB ။ ။ ဂျန်နဝါရီ ၄ တွင်လွတ်လပ်သောအနုပညာရုပ်ရှင်ပွဲတော်ကျင်းပရန် ဒေါ်အောင်ဆန်းစုကြည်၊ ဒါရိုက်တာမင်းထင်ကိုကိုကြီး၊ ဦးကျော်သူ၊ ဦးသုရ(ဇာဂနာ) တို့ စီစဉ်နေကြောင်း။

**အောက်တိုဘာ ၂၇ ၊** ROME ။ ။ ရောမမြို့တွင် စတင်သည့် ရုပ်ရှင်ပွဲတွင် Luc Bess သည် ညွှန်ကြားပြီး Michelle Yeo သရုပ်ဆောင်သည့် ဒေါ်အောင်ဆန်းစုကြည် ၏ ဘဝသရုပ်ဖော်ကား The Lady ဖြင့် ဖွင့်ပွဲကျင်းပ၏။ ဒေါ်အောင်ဆန်းစုကြည်သည် အမှန်တရား၏မဏ္ဍိုင်ဖြစ်ကြောင်း ရုပ်ရှင်ပြပွဲအဖွဲ့မှ ဆို၏။

**အောက်တိုဘာ ၂၈ ၊** VOA ။ ။ မြန်မာသည် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဖြစ်သင့် မဖြစ်သင့် အဓိကသုံးသပ်ရန် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီနာတာလီဂါဝါ သည် ယနေ့ မြန်မာသို့ရောက်၏။

**အောက်တိုဘာ ၂၈ ၊** Mizzima ။ ။ ဝန်ကြီးများရုံးအား ပြတိုက်အဖြစ်သုံးမည်ဖြစ်ပြီး ဟိုတယ်အဖြစ် ငှားရမ်းမည်မဟုတ်ဟု ဝန်ကြီးဦးစိုးသိန်းမှဆို၏။

**အောက်တိုဘာ ၂၈ ၊** RFA ။ ။ အင်းစိန်ထောင်တွင် အစာတော်ခံဆန္ဒပြနေသော နိုင်ငံရေးအကျဉ်းသားများကို ယမန်နေ့မှစ၍ ရေဖြတ်လိုက်ကြောင်း ယနေ့ထောင်ဝင်စာများလည်း ပိတ်လိုက်ကြောင်း။

**အောက်တိုဘာ ၂၈ ၊** RFA ။ ။ ကိုဇာဂနာသည် သာယာဝတီ၊ ပေါင်နှင့် ပြည်ထောင်ရှိ နိုင်ငံရေးအကျဉ်းသားများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကူညီခဲ့ကြောင်း။

**အောက်တိုဘာ ၂၈ ၊** BBC ။ ။ ရှေ့နေ ဦးဖိုးဖြူအပါအဝင် လယ်မြေသိမ်းမှုဆန္ဒပြသူ ၇ ဦးကို တရားဥပဒေနှင့်မညီ စုဝေးမှုဖြင့် စွဲချက်တင်ပြီးနောက်၊ အာမခံနှင့်ပြန်လွှတ်လိုက်ကြောင်း ဆန္ဒပြသူနှင့်နီးစပ်သူမှဆို၏။

**အောက်တိုဘာ ၂၈ ၊** RFA ။ ။ ရွှေဝါရောင် လှုပ်ရှားမှုတွင် ခေါင်းဆောင်လှုပ်ရှားသဖြင့် နိုင်ငံရေးအကျဉ်းထောင် ၆၃ နှစ်ကျခံနေရပြီး နာမကျန်းဖြစ်နေသူ အရှင်ဂမ္ဘီရအား အမြန်ဆုံးပြန်လွှတ်ရန် မိသားစုမှ သမတဦးသိန်းစိန်ထံ တောင်းဆို၏။

**အောက်တိုဘာ ၂၈ ၊** RFA ။ ။ Oxi Day ဖောင်ဒေးရှင်း၏ ပထမဆုံးနှစ်ဆုအဖြစ် ဒေါ်အောင်ဆန်းစုကြည်အား သတ္တိရှင်ဆုကို ယနေ့ဝါရှင်တန် (ဒီစီ) တွင် ကျင်းပရာ ဦးအောင်ဒင် (USCB) မှ ကိုယ်စားယူခဲ့၏။၏။ တက်ရောက်သူများအား ဒေါ်အောဆန်းစုကြည်မှ ကြိုတင်သွင်းထားသည့် ဗွီဒီယိုဖြင့် နှုတ်ခွန်းဆက်၏။

**အောက်တိုဘာ ၂၈ ၊** VOA ။ ။ အမေရိကန် ဒီမိုကရေစီ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာ လက်ထောက်နိုင်ခြားရေးဝန်ကြီး မိုက်ကယ်ပို့စနာသည် မြန်မာသို့ ရှေ့အပတ်တွင် ၄ ရက်ကြာသွားမည်။

**အောက်တိုဘာ ၂၈ ၊** Irrawaddy ။ ။ နိုင်ငံခြားရောက် နိုင်ငံခြားတွင် ခိုလှုံနေထိုင်နေသော မြန်မာများ ပြည်တော်ပြန်ရန် မြန်မာအစိုးရ၏ ခေါ်ဆိုမှုကို မြန်မာအများမှ မယုံကြည်သေးကြောင်း မတုန့်ပြန်သေးကြောင်း Akamai စာရင်း မှ ဆို၏။

**အောက်တိုဘာ ၂၈ ၊** Irrawaddy ။ ။ ရှေ့အပတ် NLD-EC အစည်းအဝေးတွင် NLD သည် တရားဝင်မှတ်ပုံတင် မတင်ကို ဆုံးဖြတ်မည်ဟု ဦးဝင်းတင်မှဆို၏။

**အောက်တိုဘာ ၂၈ ၊** Bernama ။ ။ မလေးရှားသည် ရေဘေးဒဏ် ထိခဲ့သော ထိုင်း၊ မြန်မာ၊ ကမ္ဘောဒီးယားတို့သို့ မလေးစစ်တပ်မှတဆင့် တဲများ၊ မီးစက်များ စသည့်အခြေခံအကူအညီများ ပေးပို့မည်။

**အောက်တိုဘာ ၃၀ ၊** Mizzima ။ ။ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသည့် မောင်ထော်လေးလမ်းရှိ ဝန်ကြီးများရုံးအား ပြတိုက်အဖြစ်ထားရှိမည်ဖြစ်ပြီး၊ ဟိုတယ်ပြုလုပ်ရန် ငှားရမ်းမည်မဟုတ်ကြောင်း ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းမှ ဆို၏။

**အောက်တိုဘာ ၃၀ ၊** Mizzima ။ ။ ရန်ကုန် မြို့တော်ခမ်းမရှေ့တွင် ဗုံးတလုံးတွေ့ရှိကြောင်းနှင့် ရဲများရောက်ရှိလာပြီး မပေါက်ကွဲသေးသည့်ဗုံးကို သိမ်းယူသွားသည်ဟုသတင်းကဆို၏၊ အနားပတ်ဝန်းကျင်တွင် လမ်းသွားလမ်းလာများ စိုးရိမ်စိတ်များဖြင့် လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ရသည်။

# လယ်သမားများရဲ့ ရှေ့နေ ကိုဖိုးဖြူအပါအဝင် ၇ ဦး အာမခံဖြင့် ပြန်လွှတ်

**Mizzima । အောက်တိုဘာ ၂၈ ။** ။ ရန်ကုန်မြို့ အိုးအိမ်ဖွံ့ဖြိုးရေးရုံး ရှေ့တွင် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးဥပဒေကို ပယ်ဖျက်ပေးရန် ဆန္ဒပြရာတွင် ပါဝင်ခဲ့မှုဖြင့် ရဲကဖမ်းဆီးခဲ့သော ရှေ့နေ ကိုဖိုးဖြူ အပါအဝင် ခုနစ်ဦးတို့ကို အာမခံဖြင့် သောကြာနေ့တွင် ပြန်လွှတ်ပေးလိုက်သည်။

ဗိုလ်တထောင် ရဲစခန်း အချုပ်တွင် တညတာ နေခဲ့ရပြီးနောက် လယ်သမား ၁၂ ဦးက စုစုပေါင်း အာမခံ ကျပ်သိန်း ၅၀ ဖြင့် အာမခံပေးရာက ခုနစ်ဦး လွတ်မြောက်လာခြင်း ဖြစ်သည်။

ကိုဖိုးဖြူ၊ ဒဂုံမြို့သစ်တောင်ပိုင်း ကျီစုကျေးရွာသား လယ်သမားများဖြစ်သော ဦးစိုးနိုင်၊ ဦးခင်ထွေး၊ ဦးအောင်မြင့်၊ ဦးသိန်းထွန်း၊ ဒဂုံဆိပ်ကမ်းမြို့နယ် သရက်ပင်ချောင်းကျေးရွာမှ ဦးညို နှင့် ဟင်းချက်သင်တန်း ကျောင်းဆရာတဦးဖြစ်သူ ဦးသီအောင်တို့ကို ရဲက ဥပဒေမဲ့ လူစုလူဝေးတွင်ပါဝင်မှု ပုဒ်မ ၁၄၃၊ အမိန့်ဖီဆန်မှု ၁၄၅ နှင့် တရားစွဲဆိုထားပြီး နိုဝင်ဘာ ၁၁ ရက်နေ့တွင် ဗိုလ်တထောင်မြို့နယ်တွင် တရားရုံး ရုံးချိန်း ပေးထားသည်။

"လွှတ်တော်မှာ တင်သွင်းပေမယ့် လွှတ်တော်မှာ အလိမ်အညာတွေပဲ ဖြစ်လာတယ်။ လယ်ယာမြေ ဥပဒေမူကြမ်းတွေ ထွက်လာတယ်။ ဥပဒေမဲ့ လယ်လက်လွှတ် ဆုံးရှုံးတဲ့သူတွေအတွေကို ဘယ်လို အဖြေမျိုးမှ ပါမလာဘူး။ တကယ်တမ်းမှာ ကျနော်တို့ တောင်သူတွေ စားဝတ်နေရေး ကျပ်တည်းတာတွေ ပိုမိုပြင်းထန်လာလို့ ကျနော်တို့ ဒီလမ်းကို ရွေးလိုက်ရတာပါပဲ" ဟု ကိုဖိုးဖြူက ပြောသည်။

ဗိုလ်တထောင်မြို့နယ် ဗိုလ်ချုပ်လမ်းပေါ်ရှိ အိုးအိမ်ဖွံ့ဖြိုးရေးဌာနရုံးရှေ့တွင် လယ်သမားတစု ပါဝင်သည့် ဆန္ဒပြသူများက ၁၉၅၃ ခုနစ်တွင် ပြဋ္ဌာန်းခဲ့သည် "လယ်သမားမြေ ပိုင်ဆိုင်ခွင့် ဥပဒေ" အရ မြေအားလုံးကို နိုင်ငံတော်က ပိုင်ဆိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းကို ဖျက်သိမ်းပေးရန်နှင့် သိမ်းဆည်းခံ လယ်မြေများ ပြန်လည်ခွဲဝေပေးရန်တို့ကို လက်ကိုင်ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်တောင်းဆိုခဲ့သည်။

မိနည်းအနည်းငယ်အတွင်း ရဲအင်အား ၁၀၀ ခန့်ရောက်ရှိလာရာ ဆန္ဒပြမှု ပြီးဆုံးသွားခဲ့သည်။ ထို့နောက် ဦးဆောင်သူများကို သတင်းရဲတပ်ဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ ဖမ်းဆီး ခေါ်ဆောင်သွား၍ နှစ်နာရီခန့်ကြာ စစ်ဆေးမေးမြန်းပြီးနောက် ရဲစခန်းသို့ ပို့ဆောင်ခဲ့ခြင်း ဖြစ်သည်။

"ကျနော်တို့ စစ်ဆေးတဲ့နည်းလမ်းက မျက်နှာကို အုပ်တယ်။ အိတ်အမဲကို ခေါင်းကိုစွပ်ပြီးအုပ်တယ်။ စစ်တယ်။ အသက်ရှူကျပ်တယ်။ စစ်ဆေးနေချိန်မှာ တိုက်တဲ့ ရေထဲမှာ ဆေးဝါးပါတယ်လို့ ကျနော်ထင်တယ်။ ကျနော်မူးတယ်။"ဟု ကိုဖိုးဖြူက ပြောသည်။

---

## နိုင်ငံရေးအကျဉ်းသားလွှတ်ဖို့ ဇိုမီးကွန်ကယက် တောင်းဆို

**RFA । အောက်တိုဘာ ၂၄ ။** ။ ဇိုမီး အမျိုးသားကွန်ဂရက်ပါတီ တည်ထောင်မှု ၂၃ နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကို စစ်ကိုင်းတိုင်း ကလေးမြို့ရှိ ပါတီဥက္ကဋ္ဌ ဦးပူကျင့်ရှင်းထန်အိမ်မှာ ဒီကနေ့ နေ့လည် ၂ နာရီက ကျင်းပခဲ့ပြီး ဒီအခမ်းအနားမှာ ကြေညာချက် ထုတ်ပြန်တောင်းဆိုလိုက်တာ ဖြစ်ပါတယ်။

အများပြည်သူ တင်မြှောက်တဲ့ ပြည်သူ့အစိုးရကို အဓိက ဦးတည်ထားပေမယ့် ဒီကနေ့အထိ မပေါ်ပေါက်သေးကြောင်း၊ ကြားကာလမှာ နိုင်ငံရေး အကျဉ်းသားလွှတ်ပေးဖို့ တောင်းဆိုတာဖြစ်ကြောင်း၊ ရှမ်းခေါင်းဆောင်တွေဖြစ်တဲ့ ဦးခွန်ထွန်းဦး၊ စိုင်းညွန့်လွင်၊ ဒေါက်တာ တင်မင်းထွန်း၊ ဦးညီပု နဲ့ ဇိုမီးလူငယ်အဖွဲ့က ဖမ်းဆီးထားတဲ့ အဖွဲ့ဝင်တွေကို အမြန်ဆုံး ပြန်လွှတ်ပေးဖို့ တောင်းဆိုထားကြောင်း ဇိုမီး အမျိုးသားကွန်ဂရက်ပါတီ အတွင်းရေးမှူး ဦးကမ်လျမ်က အာအက်ဖ်အေကို ပြောပါတယ်။

ဒီ ကြေညာချက်မှာ ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်တွေဖြစ်တဲ့ ကိုမင်းကိုနိုင်နဲ့ ကိုကိုကြီးတို့ကိုလည်း ပြန်လည်လွှတ်ပေးဖို့ တောင်းဆိုထားပါတယ်။

မြန်မာနိုင်ငံမှာ တိုင်းရင်းသားလက်နက်ကိုင် ပြဿနာတွေ ပပျောက်ပြီး ရေရှည် ငြိမ်းချမ်းရေး ရဖို့အတွက်ဆိုရင် ပင်လုံစာချုပ်ပါ သဘောတူချက်တွေကို ပြန်လည် အကောင်အထည် ဖော်သင့်တယ်လို့လည်း ဦးကမ်လျမ်က ပြောဆိုပါတယ်။

ဇိုမီး အမျိုးသားကွန်ဂရက်ပါတီဟာ ၁၉၉၀ ခုနစ် ရွေးကောက်ပွဲမှာ တီးတိန်၊ တွန်းဇံ၊ ကလေးနဲ့ တမူးမြို့နယ် မဲဆန္ဒနယ်တွေမှာ အ နိုင်ရခဲ့ပါတယ်။ ဇိုမီးအမျိုးသား ကွန်ဂရက်ရဲ့ဥက္ကဋ္ဌ ဖြစ်သူ ဦးပူကျင့်ရှင်းထန်ဟာ CRPP ခေါ် ပြည်သူ့လွှတ်တော် ကိုယ်စားပြု ကော်မတီရဲ့ အဖွဲ့ဝင်တဦးလည်း ဖြစ်ပါတယ်။

---

## လူ့အခွင့်အရေးချိုးဖောက်မှု ကနေဒါ အစိုးရကို တင်ပြ

**RFA । အောက်တိုဘာ ၂၄ ။** ။ ကနေဒါနိုင်ငံကို ရောက်ရှိနေတဲ့ထိုင်းအခြေစိုက် တိုင်းရင်းသား လူငယ်ခေါင်းဆောင်နှစ်ဦးဟာ မြန်မာနိုင်ငံက လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ပတ်သက်လို့ ကနေဒါအစိုးရအပါအဝင်လူမှုအဖွဲ့အစည်းတွေ ပြည်သူတွေနဲ့တွေ့ဆုံတင်ပြနေပါတယ်။

မြန်မာပြည်မှာ သမ္မတဦးသိန်းစိန် အစိုးရသစ် တက်လာပေမယ့် အထွေထွေ လူ့အခွင့်အရေးအခြေအနေတွေက တိုးတက်ပြောင်းလဲမှု မရှိသေးတဲ့အပြင် ကချင်၊ ရှမ်းနဲ့ ကရင်ဒေသတွေမှာ တိုက်ပွဲတွေဖြစ်ပွားနေတာကြောင့်စစ်ပြေးဒုက္ခသည်အများအပြားတိုးပွားလာနေကြောင်း။

နိုင်ငံရေးအကျဉ်းသားအများအပြား ထောင်တွေထဲမှာ ရှိနေသေးတာကြောင့် ပြောင်းလဲနေပြီလို့ အပြောမစောဖို့ ကနေဒါအစိုးရကို တင်ပြမှာဖြစ်တယ်လို့ တိုင်းရင်းသားလူငယ်များ အင်အားစု အထွေထွေ အတွင်းရေးမှူး ကိုအောင်နိုင်စိုး က ပြောပါတယ်။

ကနေဒါနိုင်ငံခရီးစဉ်မှာ ကိုအောင်နိုင်စိုးနဲ့အတူ မွန်လူငယ်တိုးတက်ရေးအဖွဲ့က မိအိုက်စွန်းလည်း ပါဝင်ပါတယ်။

တနင်္လာနေ့ကမြန်မာ့အရေးဆောင်ရွက်နေတဲ့ Parliamentary Friends of Burma (PFOB) ဥက္ကဋ္ဌ ကနေဒါ လွှတ်တော်အမတ် Jim Jerygennis အပါအဝင် လေဘာပါတီ ခေါင်းဆောင်တွေ၊ လူမှုအဖွဲ့အစည်းတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ အင်္ဂါနေ့မှာ ကနေဒါ နိုင်ငံခြားရေးဌာနက တာဝန်ရှိသူတွေနဲ့တွေ့ဆုံဖို့ ရှိပါတယ်။

တိုင်းရင်းသား လူငယ်ခေါင်းဆောင်တွေရဲ့ ခရီးစဉ်ကို ကနေဒါအခြေစိုက် NGO အဖွဲ့တွေဖြစ်တဲ့ ကနေဒါ မိတ်ဆွေများအဖွဲ့ CFOB/ CUPE နဲ့ CUSO-VSO သုံးဖွဲ့ ပူးပေါင်း စီစဉ်ခဲ့တာလို့ သိရပါတယ်။

# ဖရီးဒမ်းဟောက်မှ ဒေါ်အောင်ဆန်းစုကြည်ကို လွတ်လပ်မှုဆုချီးမြှင့်

**VOA ၊ အောက်တိုဘာ ၂၆ ။** ။ ဝါရှင်တန်အခြေစိုက် FreedomHouse အဖွဲ့ကြီးက နှစ် ၇၀ မြောက် နှစ်ပတ်လည်အခမ်းအနားမှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို Freedom Award လွတ်လပ်မှုဆုကို ချီးမြှင့်လိုက်ပါတယ်။ နှစ်ပေါင်းများစွာ မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးအတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ကြိုးစားရုန်းကန်လှုပ်ရှားမှုတွေအတွက် အခုလိုဆုချီးမြှင့်လိုက်တာလို့ Freedom House အဖွဲ့ကြီးက ပြောပါတယ်။

Freedom House အဖွဲ့ဟာ ကမ္ဘာတဝှမ်း လူ့အခွင့်အရေး၊ ဒီမိုကရေစီနဲ့ လွတ်လပ်မှုတွေအတွက် လှုပ်ရှားနေသူတွေကို ၁၅ နှစ်အတွင်းမှာ ပထမဆုံးအကြိမ် ဆုချီးမြှင့်တာဖြစ်ပြီး လွတ်လပ်စွာရေးသားမှုမှာ ဦးဆောင်တဲ့ Google နဲ့ နိုးကြားမှုရှိစေဖို့ ဆောင်ရွက်ခဲ့တဲ့ Washington Post သတင်းစာ အယ်ဒီတာအဖွဲ့တွေကိုလည်း ဆုချီးမြှင့်ခဲ့ပါတယ်။ အကြောင်းစုံကို ဒေါ်ခင်မျိုးသက်က တင်ပြထားပါတယ်။

ဒုတိယ ကမ္ဘာစစ်ဒဏ်ခံနေရချိန် ၁၉၄၁ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့တဲ့ Freedom House အဖွဲ့ဟာ သက်တမ်းအရင့်ဆုံး လူ့အခွင့်အရေး အဖွဲ့ကြီးဖြစ်ပါတယ်။ Freedom House အဖွဲ့ကြီးရဲ့ နှစ် ၇၀ ပြည့်နှစ်ပတ်လည် အခမ်းအနားမှာ ချီးမြှင့်မယ့် Freedom Award လွတ်လပ်မှုဆုကို မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပေးအပ်ဖို့ ဆုံးဖြတ်ခဲ့တယ်လို့ Freedom House အဖွဲ့ကြီးရဲ့ ဥက္ကဋ္ဌ ဒေးဗစ်ဂျေခရေမာ David J. Kramer ကပြောပါတယ်။

"လွတ်လပ်မှု၊ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးအတွက် ဆယ်စုနှစ်ပေါင်းများစွာ လှုပ်ရှားရုန်းကန်နေကြရတဲ့ မြန်မာနိုင်ငံသားတွေအတွက်သာမကဘဲ ဒီလိုရုန်းကန်နေကြရတဲ့ ကမ္ဘာတဝှမ်းက လူတွေကိုပါ ဒေါ်အောင်ဆန်းစုကြည်က အားကျစေခဲ့ပါတယ်။ ဒ့ါပြင် သူ့နိုင်ငံလွတ်လပ်ရေးရဖို့ တောင်းဆိုတဲ့အခါမှာ အကြမ်းမဖက်တဲ့ နည်းလမ်းဆိုတာ ဘာလဲဆိုတာ သိလာအောင် ကိုယ်တိုင်လက်တွေ့ဦးဆောင်ပြီး လုပ်ပြနေတဲ့သူဖြစ်ပါတယ်။

သူ့နိုင်ငံနဲ့ သူ့နိုင်ငံသားတွေအတွက် အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ်ရုန်းကန်ကြိုးစားခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ကို မြတ်နိုးလေးစားဂုဏ်ယူကြောင်း ပြသနေသူတွေထဲမှာ Freedom House ကလည်း ပါဝင်တယ်ဆိုတာ ပြချင်လို့ပါ။ နောက် အရှေ့အလယ်ပိုင်းနဲ့ အာဖရိကမြောက်ပိုင်းဒေသအရေးကို အားလုံးက စိတ်ဝင်တစားဖြစ်နေကြချိန်မှာ အလားတူ လွတ်လပ်ရေးအတွက် ကြိုးပမ်းနေကြတဲ့ မြန်မာနိုင်ငံလို နိုင်ငံမျိုးလည်းရှိနေသေးတယ်ဆိုတာ ကမ္ဘာက မမေ့စေချင်တာလည်း ပါပါတယ်"

လွန်ခဲ့တဲ့နှစ်ပေါင်း ၇၀ အတွင်း ကမ္ဘာတဝှမ်း လွတ်လပ်မှုအရသာ အပြည့်အဝခံစားကြစေဖို့အတွက် ပညာပေးအစီအစဉ် အမျိုးမျိုးနဲ့ ကိုယ်တိုင်လှုပ်ရှားခဲ့တဲ့ အဖွဲ့ကြီးက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ၁၅ နှစ်အတွင်း ပထမဆုံး ဂုဏ်ပြုနိုင်တဲ့အတွက် ဝမ်းမြောက်တယ်လို့ဆိုပါတယ်။

" Freedom House က အခုလို ဆုမပေးတာ ၁၅ နှစ်ရှိပါပြီ။ ဒါပေမယ့် လူ့အခွင့်ရေးနဲ့လွတ်လပ်မှုကို သိရှိခံစားလာစေဖို့ ကြိုးပမ်းလုပ်ဆောင်နေသူတွေ၊ လှုပ်ရှားတဲ့သူတွေကို အသိအမှတ်ပြု ထုတ်ဖော်ရေးဟာ သိပ်ကိုအရေးကြီးတယ်လို့ ခံယူမိတာနဲ့အမျှ ကမ္ဘာတဝှမ်းမှာ လိုက်ကြည့်တဲ့အခါ ဒေါ်အောင်ဆန်းစုကြည်လောက် စွမ်းဆောင်နိုင်သူကို မတွေ့ရပါဘူး။ အခုလို ကျွန်တော်တို့အဖွဲ့ကပေးတဲ့ ဆုကို သူလက်ခံခဲ့ပြီး ဗီဒီယိုမိန့်ခွန်းပေးပို့မှာမို့ သူ့ကို အခုလိုဂုဏ်ပြုရတာ ကျွန်တော်တို့ ကျေနပ်တို့ သိပ်ကိုဝမ်းမြောက်ခဲ့ရပါတယ်"

Freedom House အဖွဲ့ဟာ ဗုဒ္ဓဟူးနေ့ ညနေ ၇ နာရီခွဲမှာ ဝါရှင်တန်ဒီစီမှာရှိတဲ့ နယူးဆီယမ် Newseum အဆောက်အဦးမှာ ထင်ရှားတဲ့ အမေရိကန်လွှတ်တော်အမတ်တွေပါဝင်တဲ့ ကော်မတီရှေ့မှောက် ဆုပေးပွဲကျင်းပမှာ ဖြစ်ပါတယ်။ ပေးမယ့်ဆု အားလုံးပေါင်း လေးခုပါ။ Freedom Award လွတ်လပ်မှုဆုရတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဗီဒီယိုမိန့်ခွန်းကို အခမ်းအနားမှာ ဖွင့်ပြမှာဖြစ်ပါတယ်။

ဒီအခမ်းအနားမှာ ပေးမယ့်ဆုတွေထဲမှာ Corporate Leadership Award လို့ခေါ်တဲ့ လွတ်လပ်စွာထုတ်ဖော်မှုအတွက် ဦးဆောင်တဲ့ဆုကိုချီးမြှင့်မှာဖြစ်ပြီး ဒီဆုကို Google အဖွဲ့ကရရှိခဲ့ပါတယ်။ကမ္ဘာတဝှမ်း လူ့အခွင့်အရေးနဲ့ဒီမိုကရေစီရေး ဆိုင်ရာဆောင်းပါးတွေအယ်ဒီတာ့ အာဘော်တွေကို ထူးထူးခြားခြား တင်ဆက်လေ့ရှိတဲ့ ဝါရှင်တန်ပို့စ်သတင်းစာကြီးရဲ့ အယ်ဒီတာအဖွဲ့ကိုတော့ Raising Awareness Award လူ့အခွင့်အရေး၊ ဒီမိုကရေစီနဲ့လွတ်လပ်မှုဆိုင်ရာ အသိပညာကို မြှင့်တင်နိုင်တဲ့ ဆုကို ချီးမြှင့်တာဖြစ်ပြီး Freedom House အဖွဲ့ကြီးရဲ့ ဘုတ်အဖွဲ့ဝင် လူကြီးတဦးဖြစ်သူ၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ သံတမန်ရေးရာတွေကို တသက်တာလုံးဆောင်ရွက်ခဲ့သူ Max M. Kampelman ကိုတော့ Lifetime Achievement Award တသက်တာ အောင်မြင်မှုဆုကို ချီးမြှင့်တာဖြစ်ပါတယ်။

---

**မျက်နှာဖုံးမှ**

အတားအဆီးတခု ဖြစ်နေတာကြောင့်လို့ ပြောသွားပါတယ်။

"ကျမတို့လှုပ်ရှားမှုအတွက် ကြောက်ရွံ့ခြင်းကနေ လွတ်ကင်းဖို့ အဓိက ပြောနေရတဲ့အကြောင်းကတော့ ဒါဟာ အခြားလွတ်မြောက်မှုတွေကို ဖွင့်ပေးနိုင်မယ့် အဓိကသော့ချက်ဖြစ်နေလို့ပါ။ ကြောက်ရွံ့မှုကြောင့် လူတွေဟာ ထုံထိုင်းပြီး ပြုသမျှ ခံနေရပါတယ်။ လူတွေကို ဘာမှမလုပ်မကိုင်တတ်အောင် ဖြစ်စေပါတယ်။ ပြောဖို့ဆိုဖို့ ကြောက်ရွံ့နေရင် လွတ်လပ်စွာပြောဆိုခွင့်ရဖို့ ဘာမှ လုပ်နိုင်မှာမဟုတ်ပါဘူး"။

မတရား မမျှတတာတွေကို ပြန်လည်စိန်ခေါ်ဖို့ စိုးရွံ့နေမယ်ဆိုရင် မိမိရဲ့လွတ်လပ်စွာယုံကြည်မှုကို အကာအကွယ်လုပ်နိုင်မှာမဟုတ်ပါဘူး၊ ဒ့ါအပြင် လူမှုရေး၊ စီးပွားရေးတွေလည်း ဖရိုဖရဲဖြစ်ပြီး ဘဝသေသွားပါလိမ့်မယ်"

မစ်ချီကန် တက္ကသိုလ်ကပေးအပ်တဲ့ Wallenberg ဆုဟာ ဆိုရင်အများပြည်သူ လွတ်လပ်မှုအတွက် ကိုယ်ကျိုးစွန့် ကြိုးပမ်းသူတွေကို ချီးမြှင့်တဲ့ဆုဖြစ်ပါတယ်။ မီချီကန်တက္ကသိုလ်ရဲ့ ကျောင်းသားဟောင်း Raoul Wallenberg ကို ဂုဏ်ပြုပြီး ပေးအပ်တဲ့ဆုပါ။ Wallenberg ဟာ ဒုတိယကမ္ဘာစစ်အတွင်း ဆွီဒင်နိုင်ငံရဲ့ သံတမန်တဦးအနေနဲ့တာဝန်ယူရင်း နာဇီလက်ထဲက ဂျူးလူမျိုးတွေကို ကယ်တင်ပေးခဲ့ သူဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ဒီဆုရတာ ၂၁ ဦးမြောက် ဖြစ်ပြီး နိုဗယ်ဆုရှင် တိဗက်က ဘုန်းတော်ကြီးဒလိုင်လားမားနဲ့ တောင် အာဖရိက ခရစ်ယာန် ဘုန်းတော်ကြီး ဒတ်စမွန်တူးတူးတို့လည်းအရင်က ဒီဆုရခဲ့ဖူးပါတယ်။

# ပါတီမှတ်ပုံတင်ဥပဒေ ပြင်ဆင်ချက် လွှတ်တော် နှစ်ရပ်စလုံး အတည်ပြု

**VOA ၊ အောက်တိုဘာ ၂၇ ။** ။ ထောင်ဒဏ်ကျခံနေသူတွေကို ပါတီဝင်အဖြစ်မသတ်မှတ်ရဆိုတဲ့အချက်အပါအဝင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေမူကြမ်းတရပ်ကို ဒီကနေ့ ပြည်သူ့လွှတ်တော်က အတည်ပြုလိုက်ပါပြီ။ ဒီဥပဒေမူကြမ်းကိုလွန်ခဲ့တဲ့ အပတ်ကအမျိုးသားလွှတ်တော်က အတည်ပြုထားတာလည်းဖြစ်ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲအတွက် ပြန်ပြီးတော့ မှတ်ပုံမတင်ခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဥပဒေအထောက်အကူပြုအဖွဲ့ဝင်ကတော့ မြန်မာနိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို အမှန်တကယ်သွားနေတယ်ဆိုရင် တင်းကျပ်တဲ့ ဥပဒေစည်းမျဉ်းတွေကို ပြုပြင်ဖို့လိုအပ်တယ်လို့သုံးသပ်ပါတယ်၊ သတင်းအပြည့်အစုံကိုတော့ထိုင်းအခြေစိုက်သတင်းထောက်ကိုမိုးဇော်က တင်ပြထားပါတယ်။

ပြင်ဆင်ချက် ၃ ချက်ပါဝင်တဲ့ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်တဲ့ ဥပဒေမူကြမ်းကို ဒီကနေ့ ပြည်သူ့လွှတ်တော် အတည်ပြုကြောင်းဆုံးဖြတ်လိုက်တာဖြစ်ပါတယ်။

ဒီလိုအတည်ပြုဆုံးဖြတ်လိုက်တဲ့ဥပဒေမူကြမ်းဟာအရင်ဥပဒေထက်စာရင် တစုံတရာတိုးတက်လာတယ်လို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးဖြစ်တဲ့ ဦးသိန်းညွှန့်က ပြောပါတယ်။

"ဒီပြင်ဆင်ချက် ၃ ချက်လုံးက အရင် ဥပဒေထက်စာရင် တစုံတရာ တိုးတက်လာတာပေါ့။ အရင်တုံးက ပုဒ်မ ၆ (ဂ) မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ အခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရေး ဆို ရေးထားတယ်။ အခုတော့ လေးစားလိုက်နာရေးဆိုပြီးတော့ ပြင်ဆင်လိုက်တာပေ့ါ။ အဲလိုပဲ အရင်တုန်းက နိုင်ငံရေးပါတီထဲမှာ ပါတီဝင်တွေဟာ ထောင်ဒဏ်ကျခံနေသူမဟုတ်ရဘူးလို့ ပုဒ်မ ၁၀ (င) မှာ သတ်မှတ်ထား တယ်။ အခုတော့ ဒီ ၁၀ (င) ကို ပယ်ဖျက်လိုက်ပြီ။ နိုင်ငံသားအခွင့်အရေးကို ရဖို့အတွက် မူလပြဋ္ဌာန်းချက်ကို ပယ်ဖျက်တာ။ ဒါကလည်း တိုးတက်လာတာပေါ့"

နောက်ပြင်ဆင်တဲ့အချက်တခုကတော့ ပုဒ်မ ၁၂ (က)/၁ ကို ရှင်းလင်းချက်ထပ်ထည့်တာဖြစ်ပါတယ်။ ဒီအချက်ကတော့ လွှတ်တော်သက်တမ်းတခုအတွင်းမှာ ရွေးကောက်ပွဲကျင်းပပြီးတဲ့နောက် မှတ်ပုံတင်တဲ့ ပါတီတွေဟာ ဒီလွှတ်တော်သက်တမ်းအတွင်း မဲဆန္ဒနယ် ၃၀ ထက်မနည်းကျင်းပ၊ ကြားဖြတ်ရွေးကောက်ပွဲမှာ အနည်းဆုံးမဲဆန္ဒနယ် ၃ နယ် ဝင်ရောက်ယှဉ်ပြိုင်ရမယ် ဆိုတဲ့အချက်ဖြစ်တယ်လို့ဦးသိန်းညွှန့်က ပြောပါတယ်။

အရင်ဥပဒေမှာ အထွေထွေရွေးကောက်ပွဲမှာ မဲဆန္ဒနယ် ၃ နေရာမယှဉ်ပြိုင်နိုင်တဲ့ပါတီတွေကို ပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်မရှိဆိုတဲ့အချက်ကို ရှင်းလင်းချက်ထပ်မံဖြည့်စွက်တာ ဖြစ်ပါတယ်။ အမျိုးသားဒီမိုရေစီအဖွဲ့ချုပ်က ဥပဒေအထောက်အကူပြုအဖွဲ့ဝင်ရှေ့နေ ဦးအောင်သိန်းကတော့ ထောင်ဒဏ်ကျခံနေသူတွေကို ပါတီဝင်အဖြစ်မသတ်မှတ်ရဆိုတဲ့အချက်ကို ပြင်ဆင်တဲ့အပေါ်မှာသူ့အမြင်ကို အခုလိုပြောပါတယ်။

"အဲဒီဟာကတော့ တကယ်ကို ပြင်သင့်တဲ့အချက်ပါ။ ပါတီဝင်ရဲဘော်တွေဟာ အကြောင်းအမျိုးမျိုးကြောင့် ထောင်ထဲမှာ ထောင်ဒဏ်ကျခံနေရတဲ့ အနေအထားမျိုးတွေ ရှိတယ်ဗျာ။ ဒီလူတွေကို ပါတီဝင်စာရင်းထဲတောင် တို့ထားခွင့် မရှိဘူးဆိုရင် သူတို့ရဲ့ နိုင်ငံရေးလုပကိုင်ခဲ့ပြီးတော့ ထောင်ဒဏ်ကျသွားတာတွေကို အပြင်မှာရှိနေတဲ့ ရဲဘော်တွေက အသိအမှတ်မပြုတဲ့သဘောမျိုး၊ ပါတီကပါ အသိအမှတ်မပြုအောင်လုပ်တင်းကျပ်တဲ့အဲဒီဟာကြီးပယ်ဖျက်လိုက်တာတော့ကျနော်တို့က ဘာပဲပြောပြောသဘောတူပါတယ်။ ဒါ-ဖျက်လည်း ဖျက်သင့်ပါတယ်။ အဲဒီတင်းကျပ်တဲ့ဟာကြီးနဲ့ သူတို့ပထမရွေးကောက်ပွဲ ကြီးကိုလုပ်ခဲ့သွားတာကိုးဗျ"

ဒီနိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ထုတ်ပြန်စဉ် NLD ပါတီရဲ့ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ဟာ ထောင်ဒဏ်ချမှတ်ခံရပြီး နေအိမ်အကျယ်ချုပ်ကျခံနေရတာဖြစ်ပါတယ်။ NLD ပါတီကတော့ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံကို အခြေခံပြီး ပေါ်ပေါက်လာတဲ့ နည်းဥပဒေတွေကို လက်မခံတာကြောင့် ၂၀၁၀ ရွေး ကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ မှတ်ပုံမတင်ခဲ့တာဖြစ်ပါတယ်။

ဒီကနေ့ ပြည်သူ့လွှတ်တော်က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေကိုပြင်ဆင်တဲ့ ဥပဒေမူကြမ်း အတည်ပြုကြောင်း ဆုံးဖြတ်တဲ့အပေါ်မှာတော့ ဦးအောင်သိန်းက အခုလို သုံးသပ်ပါတယ်။

"လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရေးကို ဆောင်ရွက်ဖို့ အားလုံး နိုင်ငံသားတွေမှာ တာဝန်ရှိသလို ကျနော်တို့ ပါတီတွေမှာလည်း တာဝန်ရှိပါတယ်။ ဒါပေမဲ့ တင်းကျပ်ထားတဲ့ ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းဥပဒေတွေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ စည်းမျဉ်းစည်းကမ်းဥပဒေတွေဟာ ပါတီတရပ် ရပ်တည်ပိုင်ခွင့်ကို ပိတ်ပင်တားဆီးနိုင်တဲ့ဟာတွေကို မလျှော့ပေးဘူး၊ ဆက်သွားမယ်ဆိုရင်တော့ ကျနော်တို့ ဒီကနေ့ဒီမိုကရေစီလမ်းကြောင်းကို သွားနေပါတယ်ဆိုတဲ့ ဖွဲ့စည်းပုံကြီးဟာ အဟောသိကံ ဖြစ်သွားပါလိမ့်မယ်။ ဒါကြောင့် ပြုသာ ပြင်သာမှန်သမျှကို ပြုသာပြင်သာဖြစ်အောင် လုပ်ကိုလုပ်ရမယ့်တာဝန်တွေဟာ ကျနော်တို့နိုင်ငံသူ နိုင်ငံသားတွေမှာရှိသလို ပါတီတွေမှာ လည်းရှိတယ်လို့ပဲ ကျနော်ပြောချင်ပါတယ်"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ဒီလိုပြင်ဆင်ပြောင်းလဲတာကြောင့် ပါတီမှတ်ပုံပြန်တင် မတင်ဆိုတာကတော့ အဖွဲ့ချုပ်ရဲ့ ဗဟိုအလုပ်အမှုဆောင်တွေ ဆုံးဖြတ်မှာဖြစ်တယ်လို့ ဦးအောင်သိန်းကပြောပါတယ်။

ဒီကနေ့ ပြည်သူ့လွှတ်တော်က ဆုံးဖြတ်လိုက်တဲ့ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေမူကြမ်းကို အောက်တိုဘာလ ၅ ရက်နေ့က ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က အမျိုးသားလွှတ်တော်မှာ တင်သွင်းခဲ့တာဖြစ်ပါတယ်။ ဒီလ ၁၈ ရက်နေ့က အမျိုးသားလွှတ်တော်က အတည်ပြုခဲ့ပြီးနောက် ဒီကနေ့မှာ ပြည်ထောင်စုလွှတ်တော်က ထပ်မံအတည်ပြုလိုက်တာဖြစ်ပါတယ်။


အချုပ်အချာ အာဏာကို
ပြည်သူသာ ပိုင်ရမည်

# တောင်အာဖရိက စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်

**ယခင် အပတ်အဆက်**

အပိုင်း ၄

**ခင်မမမျိုး**

ဒီလိုသတ်မှတ်ခြင်းအားဖြင့် လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ် ရေးဆွဲပြဌာန်းနိုင်ရေးမှာ အခက်အခဲတွေ ဖြစ်လာစေနိုင်ပါတယ်။

ဒါကြောင့် အေအင်စီနဲ့ မဟာမိတ်အဖွဲ့တွေကလဲ အဆိုတခုကို ထပ်မံတင်သွင်းပါတယ်။ အကယ်၍ မူကြမ်းအတည်ပြုရေးမှာ consensus မကျလာခဲ့ရင် popular vote နဲ့ ဆုံးဖြတ်ရန်ဖြစ်ပါတယ်။ အစိုးရဘက်ကလဲ ဒါကို နိုင်ငံရေးထောင်ချောက်ဆိုတာ တွေ့မြင်ခဲ့ပါတယ်။ ဒီလို သတ်မှတ်ခြင်းအားဖြင့် လူထုထောက်ခံမှုရထားတဲ့ အတိုက်အခံတွေအနေနဲ့ ပါလီမန်မှာ deadlock ဖြစ်သွားတာနဲ့ popular vote ကို သုံးပြီး အနိုင်ယူနိုင်ခွင့်ရှိသွားမှာ ဖြစ်ပါတယ်။

ဒီလိုတဘက်နဲ့တဘက်ရဲ့ နိုင်ငံရေးထောင်ချောက်တွေကို တွေ့မြင် ကြတာကြောင့် တဘက်နဲ့တဘက် အပြန်အလှန် စွပ်စွဲမှုတွေ ပေါ်ထွက်လာပါတယ်။ အစိုးရဘက်က အတိုက်အခံတွေဟာ ညှိနှိုင်းဆွေးနွေးဖို့ အလွန်ခက်ခဲပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၄င်းတို့ အလိုကျဖြစ်ချင်နေကြောင်း စွပ်စွဲခဲ့ပါတယ်။ အတိုက်အခံတွေဘက်ကလဲ အစိုးရဟာ သဘောထား မှန်ကန်မှုမရှိပဲ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပေါ်ထွက်လာခြင်းမရှိအောင် ပိတ်ဆို့နေကြောင်း စွပ်စွဲခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံတနိုင်ငံရဲ့တိုးတက်ပြောင်းလဲရေးအတွက် ကနဦးချရမယ့် အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်ပြီး မတူတာတွေကိုဘေးဖယ်ထားလို့မရနိုင်ပါဘူး၊ မတူတာတွေကိုအဖြေမထွက်မချင်းညှိနှိုင်းဆွေးနွေးဖို့လိုအပ်ပါတယ်။ ဒါကြောင့် ညှိနှိုင်းဆွေးနွေးမှုကနေရလာဒ်တခု ထွက်လာဖို့အတွက် အပြန်အလှန် Coercive Leverage တွေ အသုံးပြုလာကြပါတယ်။

အေအင်စီရဲ့ Coercive Leverage ကတော့ လူထုလှုပ်ရှားမှုပဲ ဖြစ်ပါတယ်။ တိုင်းပြည်နဲ့အဝှမ်းမှာ သပိတ်မှောက်မှုတွေ၊ ဆန္ဒပြပွဲ တွေ ပေါ်ထွက်လာခဲ့ပါတယ်။ ဒီလူထုလှုပ်ရှားမှုတွေဟာ အစိုးရရဲ့စေ့စပ်ဆွေးနွေးမှုအပေါ်မှာ စစ်မှန်တဲ့ သဘောထားရှိမရှိ၊ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ထောင်လိုခြင်း ရှိမရှိဆိုတာကို အများပြည်သူရှေ့မှာ သိသာထင်ရှားစေတာဖြစ်တဲ့အတွက် အစိုးရအနေနဲ့ အတိတ်မှာ အသုံးပြုခဲ့တဲ့ လူထုလှုပ်ရှားမှု ဖြိုခွဲရေးနည်းလမ်းတွေကို အသုံးပြုလို့ မရတော့ပါဘူး။ ဒီလိုပြန်ပြီး အသုံးပြုမယ်ဆိုရင်အစိုးရဟာ ပြောင်းလဲမှုလိုလားခြင်းမရှိကြောင်း နိုင်ငံတကာနဲ့ ပြည်သူလူထုအကြားမှာ သက်သေပြပြီးသား ဖြစ်သွားပါလိမ့်မယ်။ ဒီလို Coercive Leverage ကို အသုံးပြုပြီး အတိုက်အခံခေါင်းဆောင်တွေဟာ စေ့စပ်ဆွေးနွေးရေးစားပွဲပေါ်က အစိုးရရဲ့ ရပ်တည်ချက်ကို အားပျော့လာအောင် ကြိုးပမ်းနိုင်ခဲ့ကြပါတယ်။

အစိုးရဘက်ကလဲ အေအင်စီအပေါ် အသုံးပြုလို့ရနိုင်မယ့် coercive leverage နည်းလမ်းသစ်ကိုရှာဖွေတွေ့ရှိသွားခဲ့ပါတယ်။ အေအင်စီကနေ ခွဲထွက်ပြီး Inkatha Freedom Party (IFP) ကို ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ အေအင်စီအဖွဲ့ဝင်ဟောင်း Mangosuthu Buthelezi ဟာ မင်ဒဲလားမလွတ်မြောက်လာမီခင်ကတည်းက အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်နေခဲ့ပါတယ်။ မင်ဒဲလားလွတ်မြောက်လာပြီး၊ စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်တွေကို အကောင်အထည်ဖော်ချိန်မှာ တော့သူ့ရဲ့နိုင်ငံရေးအခန်းကဏ္ဍကမှေးမှိန်သွားတယ်လို့ခံစားရပြီး မင်ဒဲလားကို ပြင်းပြင်းထန်ထန်ဝေဖန် မှုတွေပြုလုပ်လာခဲ့ပါတယ်။ မင်ဒဲလားက Buthelezi နဲ့ ညှိနှိုင်းရန် အကြိမ် ကြိမ် ကြိုးပမ်းခဲ့ပေမယ့်၊ Buthelezi ကတော့ သူ့ပါတီကိုပါ ညီလာခံကနေ နှုတ်ထွက်သွားစေပြီး၊ နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုတွေကို ဆန့်ကျင် နေခဲ့ပါတယ်။

အစိုးရအဖွဲ့တွင်းမှာရှိတဲ့ ခေါင်းမာသူတွေက ဒီလိုအခြေအနေတွေကို အခွင့်ကောင်းယူပြီး coercive leverage အနေနဲ့ အသုံးချဖို့ ကြိုးပမ်းခဲ့ပါတယ်။ အေအင်စီ အဖွဲ့ဝင်တွေနဲ့ IFP အဖွဲ့ဝင်တွေကို အချင်းချင်းတိုက်ခိုက်စေပြီး "black-on-blackviolence" ရှိနေတာကြောင့်၊ လူဖြူတွေအနေနဲ့ဆက်လက်အုပ်ချုပ်ဖို့ လိုသေးကြောင်း သက်သေပြနိုင်ဖို့အတွက် IFP ရဲ့ စေ့စပ်ဆွေးနွေးရေးညီလာခံဆန့်ကျင်ရေးလုပ်ငန်းစဉ်တွေကို အားပေးကူညီခဲ့ကြပါတယ်။ "Inkat hagate" ဆို တဲ့ sca ndal မှာ IFP ကို လက်နက်ပစ္စည်း၊ ဘဏ္ဍာငွေကြေးထောက်ပံ့ပြီး၊ အေအင်စီအဖွဲ့ဝင်များနဲ့ တိုက်ခိုက်မှုများဖြစ်ပွားစေခဲ့တဲ့ အစိုးရအဖွဲ့တွင်းက ခေါင်းမာဂိုဏ်းလှုပ်ရှားမှုများ ပေါ်ထွက်သွားတာကြောင့် အစိုးရဘက်ကတာဝန်ရှိသူအကြီးအကဲအချို့နှတ်ထွက်သွားခဲ့ရပါတယ်။

အစိုးရအဖွဲ့တွင်းက လူဖြူခေါင်းမာဂိုဏ်းသားတွေက "လူမည်းနိုင်ငံရေးသမားတွေဟာ အချင်းချင်းကွဲနေတယ်၊ အချင်းချင်းလဲတိုက်ခိုက်နေတယ်၊ ဒီလို လူတွေလက်ထဲကိုသာ အာဏာရောက်သွားရင် တရားဥပဒေစိုးမိုးရေးအတွက် ခဲယဉ်းလိမ့်မယ်"ဆိုတဲ့ ဝါဒဖြန့်ချိမှုတွေကို ပြည်သူလူထုအကြားမှာ ဖြန့်ချိမှုတွေ လုပ်ခဲ့ကြပါတယ်။ ထင်သာမြင်သာဖြစ်စေမယ့် အခြေအနေတွေကို ဖန်တီးလာကြပါတယ်။ အေအင်စီဘက်ကရော၊ အစိုးရဘက်ကပါ တိုက်ရိုက်ညွှန်ကြားစေခိုင်းခြင်းမရှိတဲ့ နိုင်ငံရေးအစွန်းရောက် သမားတွေက Third Force အနေနဲ့ ထွက်ပေါ်လာပါတယ်။ ဒီ Third Force မှာ နှစ်ဘက်စလုံးရဲ့အဖွဲ့ဝင်တွေ၊ အဖွဲ့ဝင်ဟောင်းတွေပါဝင်နေကြပြီး အများပြည်သူကိုသတ်ဖြတ်မှု၊ ခြိမ်းခြောက်မှု၊ အန္တရာယ်ပြုမှုတွေ ဖြစ်ပွားလာပါတယ်။ စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ကို လူအများက ပွင့်ပွင့်လင်းလင်းထောက်ခံမှု မလုပ်ရဲတဲ့ အခြေအနေကို ဖန်တီးမှုတွေ၊ စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ကို ထောက်ခံသူများနဲ့ မထောက်ခံသူများအကြား အငြင်းပွားတိုက်ခိုက်မှုတွေ၊ ခြိမ်းခြောက်မှုတွေရှိလာပါတယ်။ စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်အပေါ်မှာ လူအများက မျှော်လင့်ချက်တွေရှိခဲ့ရာက political viole nce မရှိချိန်တွေမှာလဲ အခြား violence တွေ ရှိနိုင်တာကြောင့် ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးဟာ မဖြစ်နိုင်ဘူးဆိုတာတွေကို လူထုက လက်ခံလာအောင်ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်မှုတွေ ပေါ်လာပါတယ်။

ဒီလိုအခြေအနေဆိုးတွေကြောင့် တောင်အာဖရိက လူဖြူ၊ လူမည်းနိုင်ငံရေးသမားတွေနဲ့ လူအများသေကြေပျက်စီးခဲ့ရပါတယ်။

ဒီလိုနဲ့ (၁၉၉၂) ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့မှာတော့ Boipatong

**စာမျက်နှာ ၁၈ သို့**

# ကေအိုင်အိုက တပ်ပေါင်းစုနဲ့ ဆွေးနွေးရေး ရပ်တည်ချက် ဆက်လက်ကိုင်စွဲ

**DVB ၊ အောက်တိုဘာ ၂၆ ။** ။ အစိုးရတပ်တွေက ကေအိုင်အိုကို စစ်ရေးအရ ဆက်လက်တိုက်ခိုက်နေပေမယ့် ကေအိုင်အိုက မူလကိုင်စွဲထားတဲ့ တနိုင်ငံလုံး အပစ်ရပ်ရေးနဲ့ တပ်ပေါင်းစုနဲ့ ဆွေးနွေးမယ်ဆိုတဲ့ ရပ်တည်ချက်ကို ဆက်လက်ကိုင်စွဲသွားမယ်လို့ ပြောပါ တယ်။

နှစ်ဘက်အကြား အပစ်ရပ်ပျက်ပြယ်တဲ့ ဖွန်လဆန်းကစလို့အစိုးရဘက်က ဒီလအတွင်း ပွင့်လင်းရာသီမှာ ထိုးစစ်အတွက် ပြင်ဆင်မှုတွေလုပ်လို့ တိုက်ပွဲတွေ နေ့စဉ်ရက်ဆက် ဖြစ်ပွားနေပါ တယ်။

အခုအခါ အကြီးတန်း စစ်ခေါင်းဆောင်တွေဦးစီးပြီး တိုက်လေယာဉ်တွေပါ သုံးမယ်ဆိုတဲ့ သတင်းတွေလည်း ကြားသိထားပေမယ့် KIO ရပ်တည်ချက်ကိုတော့မပြောင်းဘူးလို့ ဦးလနန်းကပြောပါတယ်။

"ကျနော်တို့ကတော့ အဲဒီရပ်တည်ချက်ကို ဒီတိုင်းပဲ ဆုတ်ကိုင်သွားဖို့ပါ။ တခြားပြောင်းလဲမှု ဘာမှအစီအစဉ်မရှိဘူး။"

အစိုးရဘက်က မြစ်ကြီးနားနဲ့ ဗန်းမော်ကားလမ်းပိုင်းကို စိုးမိုးနိုင်ရေး ကြိုးပမ်းလို့ နေ့စဉ်လို ဆယ်ရက်ခန့် တိုက်ပွဲတွေဖြစ်နေဆဲဖြစ်ပြီး တိုးမပေါက်သေးဘဲဖြစ်နေဆဲပါ။ ဒီလမ်းကြောင်းကို မစိုးမိုးနိုင်သေးတဲ့အတွက် အစိုးရဘက်က စစ်ဆင်ရေးအရှိန် မမြှင့်နိုင်ဖြစ်နေတယ်လို့ ဦးလနန်းက သုံးသပ်ပါတယ်။ အခုချိန်မှာ လိုင်ဇာဌာနချုပ်မှာ လက်ခံစောင့်ရှောက်ထားတဲ့ ထောင်ချီတဲ့ စစ်ပြေး ဒုက္ခသည်တွေကို အပြောင်းအရွှေ့မလုပ်သေးပါဘူးလို့ ဦးလနန်းက ပြောပါတယ်။

"တခြားရွှေ့ပြောင်းစရာ နေရာလည်းမရှိပါဘူး။ ဒါက ဒုက္ခသည်တွေရဲ့ နောက်ဆုံးနေရာလို့ ပြောရမယ်။ ဒီထက်ပိုပြီး ဆိုးဝါးပြီးမှ လိုင်ဇာထိ တိုက်ပွဲကြီးတွေ ဖြစ်ပွားလာရင်တော့ ဒါကတမျိုးဖြစ်သွားမှာပေါ့။ အခုထက်ထိတော့ ဒုက္ခသည်တွေက လိုင်ဇာပတ်ပတ်လည်မှာ သူတို့နေရာချထားပေးတာပဲ ရှိသေးတယ်။"

ကေအိုင်အိုနဲ့ ကူညီကယ်ဆယ်ရေးအဖွဲ့တွေရဲ့ ပြောဆိုချက်အရ စစ်ပြေးဒုက္ခသည် နှစ်သောင်းနဲ့ သုံးသောင်းအကြားရှိနေပြီး အများစုက ကလေးနဲ့ အမျိုးသမီးတွေလို့ ဆိုပါတယ်။ ကေအိုင်အိုဟာ တိုင်းရင်းသားလက်နက်ကိုင်တွေ စုဖွဲ့ထားတဲ့ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီရဲ့အဖွဲ့ဝင်ဖြစ်ပါတယ်။

**စာမျက်နှာ ၁၇ မှ**

massacre ကြီး ဖြစ်ပွားသွားခဲ့ပါတယ်။ အဲဒီနေ့မှာ သမိုင်းဝင် တောင်အာဖရိက လူထုအရေးတော်ပုံကြီးတခုဖြစ်တဲ့ Soweto uprising နှစ်ပတ်လည်အခမ်းအနားကို အေအင်စီက ဦးစီးပြီး ကျင်းပခဲ့ပါတယ်။ စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ကို အကောင်အထည်ဖော်ဆောင်ခြင်းဆိုတာ ပြီးဆုံးသွားခဲ့တဲ့ အတိတ်ကို ပြည်ဖုံးကားချခြင်းမဟုတ်ပါ။ ဖြစ်ပွားခဲ့တဲ့ အကြောင်းအရာတွေအတွက် အပြန်အလှန် ခွင့်လွှတ်နားလည်မှုယူပြီး အနာဂတ်မှာ တိုင်းပြည်ကောင်းကျိုးရရှိရေးအတွက် မတူညီသောသဘောထားအမြင်များကို ညှိနှိုင်းဆွေးနွေးအဖြေရှာခြင်းသာဖြစ်တယ်။

ဒါကြောင့် တောင်အာဖရိက နိုင်ငံရေးဦးဆောင်ပါတီ(အေအင်စီ) က စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ကို အကောင်အထည်ဖော်နေဆဲမှာပဲ အတိတ်ကဖြစ်ပွားခဲ့တဲ့ လူထုအရေးတော်ပုံများရဲ့နှစ်ပတ်လည်အ ခမ်းအနားများကိုလဲ ဆက်လက်ကျင်းပခဲ့တာ ဖြစ်ပါတယ်။သို့ပေမယ့် ဒီလိုအခမ်းအနားကျင်းပမှုအပေါ်မှာ အစိုးရဘက်က ခေါင်းမာသူအချို့နဲ့ IFP တို့က အခွင့်ကောင်းယူခဲ့ကြပါတယ်။Boipatong မှာရှိတဲ့ IFP တက်ကြွလှုပ်ရှားသူတွေက နှစ်ပတ် လည်အခမ်းအနားကျင်းပနေတဲ့ အေအင်စီအဖွဲ့ဝင်များကို တိုက်ခိုက်သတ်ဖြတ်မှုများ ပြုလုပ်ခဲ့တာကြောင့် အမျိုးသမီးနဲ့ ကလေးသူ ငယ်များအပါအဝင် အေအင်စီအဖွဲ့ဝင် (၃၉) ဦးသေဆုံးသွားပါတယ်။ Boipatong massacre ဖြစ်ပွားပြီးချိန်မှာ ဒီလိုတိုက်ခိုက်တဲ့ IFP ကို အစိုးရက လက်နက်နဲ့ငွေကြေးထောက်ပံ့နေတယ်လို့ သတင်းတွေ ပေါ်ထွက်လာပြန်တာကြောင့် အေအင်စီအဖွဲ့ဝင်များနဲ့ IFP အဖွဲ့ဝင်များအကြားမှာ တင်းမာမှုတွေက ပိုပြီး ပြင်းထန်လာပါတယ်။

မင်ဒဲလားက အစိုးရတာဝန်ရှိသူတွေကိုယ်တိုင် ပါဝင်ပတ်သက်နေတဲ့ ဒီ Boipatong massacreကို လက်ပိုက်ကြည့် မနေခဲ့ပါဘူး။ Convention for a Democratic South Africa (CODESA) ထဲက နေအေအင်စီကို ချက်ချင်းဆွဲထုတ်လိုက်ပြီး၊ သူ့ပြည်သူတွေကိုလုံခြုံရေးပေးဖို့နဲ့ အစိုးရကိုယ်တိုင်ကျူးလွန်တဲ့ ဒီအကြမ်းဖက်မှုကို စုံစမ်းအရေးယူပေးဖို့ နိုင်ငံတကာကို တောင်းဆိုပါတော့တယ်။ မင်ဒဲလားရဲ့ တောင်းဆိုမှုကြောင့် ကုလသမဂ္ဂက မစ်ရှင်ဖွဲ့ပြီး စုံစမ်းမှုပြုလုပ်ခဲ့ပါတယ်။ ယူအင်မစ်ရှင်ဟာ နိုင်ငံတွင်းမှာ National Peace Accord က ဖွဲ့စည်းထားတဲ့ Goldstone Commission လို့ လူသိများသောစုံစမ်းစစ်ဆေးရေးကော်မရှင်နဲ့အတူ တွဲဖက်ပြီး၊ အများပြည် သူကိုအကြမ်းဖက်မှုနဲ့ နှောင့်ယှက်မှုတွေကို စုံစမ်းပါတယ်။ အစိုးရအာဏာပိုင်ရဲ့ဘက်တော်သားတွေ ပါဝင်နေကြောင်း တွေ့ရှိခဲ့ပြီး၊ကော်မရှင် အစီရင်ခံထုတ်ပြန်ခဲ့တာကြောင့် အစိုးရရဲ့ အာဏာအလွဲ သုံးစားလုပ်မှုတွေကို လျှော့ချနိုင်လာပါတယ်။

ဒီလိုနဲ့ပဲ (၁၉၉၂) ခုနှစ်ရဲ့ လပေါင်းများစွာမှာ စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ဟာ ရှေ့ဆက်မတိုးနိုင်တော့ပဲ အပြန်အလှန် Leverage အသုံးပြုမှုတွေသာရှိပြီးရပ်တန့်နေပါတယ်။ ဒီလိုအခြေအနေတွေကနေ ထိပ်တိုက် ရင်ဆိုင်ရေးလမ်းကြောင်းပေါ်ကို နှစ်ဘက်စလုံးက ပြန်မရောက်သွားအောင် နိုင်ငံတကာက ဝင်ပြီး ထိန်းသိမ်းလိုက်ပါတယ်။ Philadelphia မှာ သူတို့နှစ်ယောက်ကို ပူးတွဲ Liberty Medal ချီးမြှင့်ခဲ့ပြီး၊ နောက်ပိုင်းမှာ Nobel Peace Prize ကိုလဲ ပူးတွဲချီးမြှင့်ပေးခဲ့ပါတယ်။ စေ့စပ်ဆွေးနွေးရေးစားပွဲပေါ်မှာ နှစ်ဘက်ကို ကိုယ်စားပြုပြီး ဆွေးနွေးနေကြတဲ့ အေအင်စီကိုယ်စားပြု စေ့စပ်ဆွေးနွေးရေးအကြီးအကဲ Cyril Ramaphosa နဲ့ အန်ပီ ကိုယ်စားပြု စေ့စပ်ဆွေးနွေးရေးအကြီးအကဲ Roelf Meyer တို့ကလဲ တရားဝင်စေ့စပ်ဆွေးနွေးပွဲ ရပ်ဆိုင်းနေပေမယ့် informal discussion ပြုလုပ်နိုင်ရေးအတွက် အတူတကွ ငါးမျှားထွက်တာတွေ ပြုလုပ်ခဲ့ပါတယ်။

ဒီလို နိုင်ငံတကာက ကြားဝင်ပေးမှုနဲ့ခေါင်းဆောင်များအချင်းချင်း ရင်းနှီးမှု ရှိလာအောင် တည်ဆောက်မှုတွေကတဆင့် စေ့စပ်ဆွေးနွေးရေးစားပွဲပေါ်ကို ပြန်ရောက်သွားအောင် လုပ်ဆောင်နိုင်ခဲ့ကြပါတယ်။ ခေါင်းဆောင်များ ငါးမျှားအတူထွက်ပြီး မကြာခင်မှာပဲ မင်ဒဲလားနဲ့ de Klerk တို့ဟာ Record of Understanding ကို လက်မှတ်ရေးထိုးပြီး၊ ကြားဖြတ်အစိုးရဖွဲ့စည်းရေးနဲ့ပတ်သက်တဲ့ ညှိနှိုင်းဆွေးနွေးမှုတွေကို ပြုလုပ်လာကြပါတော့တယ်။

**ဆက်လက်ဖော်ပြပါမည်**

# ၂၁ ရာစု ပင်လုံညီလာခံ ခေါ်ရေး တိုင်းရင်းသားအချို့ထောက်ခံကြိုဆို

**Mizzima | အောက်တိုဘာ ၂၆ ။** ။ တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်နိုင်မည့် ၂၁ ရာစု ပင်လုံညီလာခံ ခေါ်ဆိုရေးအား တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်သည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီနှင့် ချင်းအမျိုးသားတပ်ဦးတို့က ထောက်ခံကြိုဆိုလိုက်သည်။

"ဒီပင်လုံစာချုပ်အတိုင်း တကယ်သာ အကောင်အထည်ဖော်မယ်ဆိုလို့ရှိရင်တော့ ကျနော်တို့က ကြိုဆိုပါတယ်။ ဘာလို့လဲဆိုရင် ပင်လုံညီလာခံကတော့ အရင်တုန်းက တကယ့်ကို စစ်မှန်တဲ့ ဖယ်ဒရယ်ပြည်ထောင်စုကို ဦးတည်ခဲ့တာဆိုတော့ ဒီဟာကတော့ တန်းတူညီမျှမှု အပေါ်မှာ ဒီပြည်ထောင်တွေကို ပေါင်းစုပြီးတော့ ပြည်ထောင်စု လုပ်မယ်ဆိုပြီးတော့ လုပ်ခဲ့တာလို့ ကျနော်တို့ နားလည်တယ်။" ဟု ရခိုင်ပြည်လွတ်မြောက်ရေးပါတီမှ ပြောရေးဆို ခွင့်ရှိသူ ဦးခိုင်သူခက မဇ္ဈိမကို ပြောသည်။

၂၀၁၀ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့က ကျရောက်ခဲ့သည့် ဇိုမီးအမျိုးသားကွန်ဂရက် (ZNC) တည်ထောင်ခြင်း ၂၂ နှစ်ပြည့်တွင် "ကလေးမြို့ ဆုံးဖြတ်ချက် ကြေငြာစာတမ်း" တွင် တိုင်းရင်းသားပေါင်းစုံ ပါဝင်သော ညီလာခံတခု ပြန်ခေါ်ရန် တိုက်တွန်းခဲ့သည်။

ထိုအချိန်က ဒုတိယပင်လုံဟု ခေါ်ဆိုခဲ့ရာမှ ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွတ်မြောက်လာခဲ့ချိန်တွင် "၂၁ ရာစု ပင်လုံ ညီလာခံ" ဟု ခေါ်တွင် လူပ်ရှားလာခဲ့ကြပြီး လွှတ်တော်ပြင်ပမှ အဖွဲ့အစည်းများနှင့် တန်းတူရေးအတွက် တိုက်ပွဲဝင်နေသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ယခုကဲ့သို့ ထောက်ခံလာခဲ့ကြသည်။

လက်ရှိတိုင်းရင်းသားဒေသများတွင် ဖြစ်ပွားနေသည့် စစ်ပွဲများနှင့်ပတ်သတ်ပြီး "စစ်ပွဲနဲ့ပဲ ပြည်တွင်းရေးကို ဖြေရှင်းမယ်ဆိုရင် ဖြေရှင်းလို့မရတာကတော့ သေချာနေပါပြီ၊ အခုက။ အစိုးရသစ်လည်း တက်လာတယ်။ အဲဒီစစ်ပွဲကို ဆက်ပြီး ဆင်နွှဲတယ်ဆိုရင်တော့ပြဿနာ ရှင်းလာတာ ဘာတခုမှ ကျနော်တို့မမြင်ရဘူး။ ဒီထက် တနေ့တခြားပဲ ပြည်တွင်းစစ်မီးက အားကောင်းလာသလိုမျိုး ဖြစ်နေတယ်။" ဟုချင်းအမျိုးသားတပ်ဦးမှ အတွင်းရေးမှူး ပူးပေါလ်စီတာက ပြောသည်။

ပြည်တွင်းစစ်မီးကို ငြိမ်းအေးသွားနိုင်ရန်အတွက် ပင်လုံညီလာခံ ကဲ့သို့ တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်နိုင်သော တန်းတူညီမျှသည့် ညီလာခံတခု လိုအပ်နေပြီဖြစ်ကြောင်း သူက ဆက်ပြောသည်။

လွှတ်တော်တွင်းပါတီတခုဖြစ်သည့် ချင်းအမျိုးသားပါတီ (CNP) မှ "အဲဒါ လွယ်လွယ်နဲ့ ပြီးနိုင်တဲ့ ကိစ္စမဟုတ်ဘူး။" ဟု ဆိုသည်။

"ကလေးမြို့ ဆုံးဖြတ်ချက် ကြေငြာစာတမ်း" တွင် "မြန်မာနိုင်ငံကို တပြည်ထောင် စနစ်လည်း မဟုတ်၊ ခွဲထွက်ရေး စနစ်လည်းမဟုတ်၊ ဒီမိုကရေစီနှင့်လူမျိုးတိုင်းတန်းတူအခွင့်အရေးကိုအခြေခံသောဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ရန် တိုင်း ရင်းသားပြည်သူအားလုံးအတူတကွ လက်တွဲပြီး ဒုတိယပင်လုံညီလာခံခေါ်ယူ ကျင်းပသွားကြရမည်" ဟု ဖော်ပြပါရှိသည်။

အဆိုပါကြေငြာစာတမ်းတွင် NLD မှထိပ်တန်းခေါင်းဆောင်များဖြစ်သည့်ဦးတင်ဦးနှင့်ဦးဝင်းတင်တို့အပြင်လွှတ်တော်ပြင်ပပါတီများနှင့် ဝါရင့် နိုင်ငံရေးသမား (၁၁) ဦးက လက်မှတ်ရေးထိုးခဲ့ကြသည်။

# မိုက်ကယ် ပိုစနာ မြန်မာနိုင်ငံသွားမည်

**VOA | အောက်တိုဘာ ၂၈ ။** ။အမေရိကန် အဆင့်မြင့်အရာရှိတစ်ဦး နောက်တပတ်ထဲမှာ မြန်မာပြည်ကိုသွားဖို့ရှိပါတယ်။ အမေရိကန်ပြည်ထောင်စု ဒီမိုကရေစီလူ့အခွင့်အရေးနဲ့ အလုပ်သမားရေးရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မိုက်ကယ် ပို့စနာ Michael Posner မြန်မာပြည်ကို ၄ ရက်ကြာခရီးနဲ့သွားမယ်ဆိုတာ သေချာတယ်လို့သူ့ရဲ့ရုံးကပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ဗွီအိုအေကိုအတည်ပြုပြောဆိုပါတယ်။

မြန်မာပြည်မှာ နိုင်ငံရေးအကျဉ်းသားတွေကို ပိုပြီးလွှတ်ပေးဖို့နဲ့ ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှုတွေကိုလည်း ပိုပြီးလုပ်လာဖို့ တိုက်တွန်းမယ့်ခရီးစဉ်လို့လည်း ဆိုပါတယ်။

အေပီသတင်းမှာ ဒီကနေ့ဖော်ပြထားတာကတော့ မြန်မာပြည်ဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် ဒဲရက်မစ်ချဲလ် Derek Mitchell ကလည်း မြန်မာပြည်ကို တတိယအကြိမ်အဖြစ် ထပ်သွားဖို့ရှိပြီး လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မိုက်ကယ်ပို့စနာနဲ့ ဒဲရက် မစ်ချဲလ်တို့ မြန်မာပြည်မှာ ဆုံကြမယ်လို့ဆိုပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းကပဲ ဒဲရက်မစ်ချဲလ် မြန်မာပြည်ကနေ ဝါရှင်တန်ဒီစီကို ပြန်ရောက်လာတာပါ။ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဒဲရက်မစ်ချဲလ်ရဲ့ မြန်မာပြည်ခရီးစဉ်အတွင်း မြန်မာအစိုးရ အဆင့်မြင့် အရာရှိတွေနဲ့တွေ့ဆုံဖို့ရှိပြီး လူထုအခြေပြု လူမှုအဖွဲ့အစည်းတွေနဲ့ရော မြန်မာပြည်က နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ပါ တွေ့ဆုံဖို့ရှိတယ်လို့ အေပီသတင်းမှာ ဖော်ပြထားပါတယ်။

# ဒေါ်စုနှင့် ဦးအောင်ကြည် ထပ်တွေ့မည်

**RFA | အောက်တိုဘာ ၂၈ ။** ။ ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာအစိုးရ ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည် တို့ဟာ အောက်တိုဘာ ၃၀ ရက် တနင်္ဂနွေနေ့ မွန်းလွဲပိုင်းမှာ ရန်ကုန်မြို့တက္ကသိုလ် ရိပ်သာလမ်းမှာရှိတဲ့ စိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာမှာ တွေ့ဆုံဆွေးနွေးမယ်လို့ သိရပါတယ်။

ဒီဆွေးနွေးပွဲနဲ့ ပတ်သက်လို့ အစိုးရ တာဝန်ရှိသူတွေက ရန်ကုန်အခြေစိုက် စာနယ်ဇင်းတွေနဲ့ သတင်းထောက်တွေကို ဖိတ်ကြားထားတယ်လို့ အမည်မဖော်လိုတဲ့ ပြည်တွင်းထုတ် အပတ်စဉ်ဂျာနယ်တစောင်က အယ်ဒီတာတဦးက ပြောပါတယ်။

စာပေစိစစ်ရေးက တနင်္ဂနွေနေ့ တနာရီလို့ အကြောင်းကြားထားတဲ့အကြောင်း၊ ပြီးခဲ့တဲ့ တွေ့ဆုံပွဲက တရားဝင် မထုတ်ပြန်ပေမယ့် ဒီတကြိမ်မှာနိုင်ငံရေးအကျဉ်းသားများကိစ္စနဲ့ NLD ကရွေးကောက်ပွဲဝင်မဝင် ပြောမယ်လို့ မျှော်လင့်ကြောင်း သူက ပြောပါတယ်။

ဒီလို တွေ့ဆုံဆွေးနွေးမယ့် သတင်းကို ပြည်တွင်းထုတ်ဂျာနယ်တစောင်ဖြစ်တဲ့ Eleven Weekly ဂျာနယ်ရဲ့ အင်တာနက် စာမျက်နှာမှာလည်း ဒီကနေ့မှာရေးသားဖော်ပြထားပါတယ်။ ဒီတနင်္ဂနွေနေ့ တွေ့ဆုံမှုဦးသိန်းစိန်ရဲ့လက်ထက် ဒေါ်အောင်ဆန်းစုကြည်နဲ့ဦးအောင်ကြည်တို့ရဲ့ စတုတ္ထအကြိမ်မြောက် တွေ့ဆုံဆွေးနွေးမှုဖြစ်ပါတယ်။

ဒါပေမယ့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ဗဟိုအလုပ်အမှုဆောင်တဦးဖြစ်တဲ့ ဦးဟန်သာမြင့်ကတော့ ဒါဟာ တာဝန်ရှိသူတွေဖက်က သတင်းဂျာနယ်တွေကို အကြောင်းကြားတာဖြစ်ပြီး NLD အနေနဲ့ တရားဝင် မသိရှိရသေးဘူးလို့ RFA ကို ပြောကြား ပါတယ်။

# ဆိတ်ဖြူနယ် ရေဘေးဒုက္ခသည်တွေ ကယ်ဆယ်ရေးအကူအညီ လိုအပ်နေဆဲ

**RFA ၊ အောက်တိုဘာ ၂၈ ။** ။ မကွေးတိုင်း ဆိတ်ဖြူမြို့နယ်က ရေဘေးဒုက္ခသည်တွေအတွက် ကယ်ဆယ်ရေး အကူအညီတွေတစ်စတစ်စရောက်ရှိလာပေမယ့် ရေဘေးဒဏ် အဆိုးဝါးဆုံးကြုံတွေ့ရတဲ့ရွာတွေမှာ အကူအညီလိုအပ်နေတုန်းပဲဖြစ်ပြီး အိမ်တွေ ရေထဲမျောပါသွားလို့ ဒုက္ခသည်တချို့ဟာ ဘုန်းကြီးကျောင်းတွေနဲ့နီးစပ်ရာရွာတွေမှာနေထိုင်နေရတုန်းပဲလို့ သိရပါတယ်။

မိုးသည်းထန်ပြီး ယောချောင်းရေ တက်လာတဲ့အတွက် ချောင်းတလျှောက်က ရွာတွေ ရေဘေးကြုံရပါတယ်။ ပထမပိုင်းမှာ ကယ်ဆယ်ရေး အကူအညီတွေ ရောက်မလာတဲ့အတွက် ဆိတ်ဖြူမြို့ပေါ်နဲ့အနီးအနားက စေတနာရှင်တွေကပဲ ရေဘေး ကယ်ဆယ်ရေးလုပ်ရတယ်လို့ စေတနာရှင် တစ်ဦးက ပြောပါတယ်။

"ပထမတစ်ရက် နွံနစ်တယ်။ ဒုတိယတစ်ရက်အထိ သူတို့ဘက်က လှုပ်ရှားမှုမရှိတဲ့အတွက် တတိယနေ့မှာ ရွာကလူတွေနဲ့စုစည်းပြီးသွားကြတာပါ။ ကျနော်တို့လိုပဲ စေတနာရှင် လူငယ်တွေ စုသွားကြပါတယ်။ တချို့ရွာတွေဆို ဆိုးဆိုးရွားရွားနဲ့ကို တွေ့ရပါတယ်။ တချို့ရွာဆို အိမ်ခြေ ၈၀ မှာ ၆ လုံးလောက်ပဲ အိမ်တိုင် ကျန်ခဲ့တာရှိတယ်။"

ဆိတ်ဖြူမြို့နယ်အဆုံးမှာရှိတဲ့အင်းရွာအလယ်တန်းကျောင်းမှာ အဆောက်အအုံ လေးလုံးရှိပြီး နှစ်လုံးက ပြိုသွားတယ်လို့ အဲဒီရွာကိုရောက်ခဲ့တဲ့ မန္တလေးမြို့က ကယ်ဆယ်ရေးဝန်ထမ်းတစ်ဦးကပြောပါတယ်။ ကျန်တဲ့အဆောက်အအုံ နှစ်လုံးကလည်း ပြိုလုနီးပါး ဖြစ်နေပြီလို့ဆိုပါတယ်။

နောက်ပိုင်းရက်တွေမှာ ရေဘေးကယ်ဆယ်ရေး ကွပ်ကဲရေးရုံးက ကယ်ဆယ်ရေးလုပ်ငန်းတွေ စတင်တဲ့အခါ ကြံခိုင်ဖွံ့ဖြိုးရေး အလံတွေ ထူပြီး သွားရောက် လှူဒါန်းတာ တွေ့ရတယ်လို့ ဒေသခံတွေကပြောပါတယ်။

ကိုယ်ထူကိုယ်ထ လှူဒါန်းတဲ့ လူတွေကိုလည်း သက်ဆိုင်ရာက ကန့်သတ်ချင်တဲ့ သဘောရှိပေမယ့် သွားရခက်တဲ့ ရွာတွေကို အရောက်သွား လှူဒါန်းရတယ်လို့ စောစောက စေတနာရှင်ကပြောပါတယ်။

"နောက်ယှက်တယ်ဆိုတာက ကျနော်တို့က လူသူ အရောက်အပေါက်နည်းတဲ့ ရွာတွေကို သွားချင်တယ်။ သူတို့က ဟိုရွာသွားဒီရွာသွားလုပ်တယ်။ ကျနော်တို့က အဲဒီရွာတွေရောက်ပြီးပြီ ပြောတော့လည်း သူတို့ရောက်ပြီးပြီပြောတယ် တကယ်က ဘယ်သူမှ မရောက်သေးဘူး။ ကျနော်တို့ မနက် ၉ နာရီက သွားတယ်။ အဲဒီရွာတွေကို ညနေ ၅ နာရီမှ ရောက်တယ်။ ဘယ်သူမှ အကူအညီ လာမပေးသေးတာတွေ့ရတယ်။"

ရေကျသွားပြီး ရွာတွေမှာ ရွှံ့ညွှန်တွေ ဒူးဆစ်လောက် တင်ကျန်ရစ်တဲ့အတွက် ရွာတွေဆီ ခက်ခက်ခဲခဲသွားရတယ်လို့လည်း ပြောပါတယ်။

Voice of Burma


**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**


**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**